ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ **(6-1-2011)** (၆၆၃၆)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တက်ရောက်

နေပြည်တော်   ဇန်နဝါရီ   ၅

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အလံတင်တပ်စုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား လွှင့်တင်ကာ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပသည်။

ထို့နောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတို့မှ အရာရှိ စစ်သည်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြု၍ သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပုထိုးလုံအစမ်းတွင်းများမှ စီးပွားဖြစ်ထုတ်ယူနိုင်သော ရေနံနှင့်သဘာဝဓာတ်ငွေ့များ တွေ့ရှိ

သတင်းဆောင်းပါး	- ရန်ကြီးအောင်
ဓာတ်ပုံ	- စွမ်းအင်

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို စဉ်ဆက်မပြတ် စမ်းသပ်ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိသည်။ ယင်းသို့ ရှာဖွေတူးဖော်ခဲ့မှုကြောင့် ၁၉၆၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း မန်း၊ ပြည်၊ မြန်အောင်၊ ရွှေပြည်သာ၊ လက်ပံတို၊ ပက်ပယ်၊ မင်းတဲကြီး၊ ထောက်ရှာပင်၊ ထန်းတပင်၊ တက်မ၊ ကမ်းနီစသည့် ကုန်းတွင်းပိုင်းရေနံမြေများနှင့် မုတ္တမကမ်းလွန်ဒေသ၌ ရတနာသဘာဝဓာတ်ငွေ့မြေတို့ကို တွေ့ရှိ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ပိုမိုတူးဖော်ထုတ်လုပ်နိုင်ရန်အတွက် ပြည်ပမှ ရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကုန်းပိုင်းဒေသလုပ်ကွက်(၄၉)ကွက်၊ ရခိုင်ကမ်းလွန်ဒေသ၊ မုတ္တမကမ်းလွန်ဒေသနှင့် တနင်္သာရီကမ်းလွန်ဒေသတို့ရှိ မြန်မာနိုင်ငံ ရေပိုင်နက်နယ်နိမိတ်အတွင်း ကမ်းလွန်ဒေသလုပ်ကွက်(၂၆)ကွက် သတ်မှတ်၍ စနစ်တကျ စမ်းသပ်ရှာဖွေတူးဖော်ခွင့်ပြုခဲ့သည်။

ယင်းသို့ စမ်းသပ်ရှာဖွေခဲ့မှုကြောင့် ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင်/စပယ်၊ အင်းတော်၊ ထန်းကိုင်းနှင့် မအူပင်စသည့် ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ၊ မုတ္တမကမ်းလွန်ဒေသ၌ ရတနာ၊ စိန်၊ ပတ္တမြားနှင့် ဇောတိကသဘာဝဓာတ်ငွေ့မြေ၊ တနင်္သာရီကမ်းလွန်ဒေသ၌ ရဲတံခွန်သဘာဝဓာတ်ငွေ့မြေနှင့် ရခိုင်ကမ်းလွန်ဒေသ၌ ရွှေသဘာဝဓာတ်ငွေ့မြေစသည့် ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့မြေအသစ်များကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပိုမိုတိုးမြှင့်ထုတ်လုပ်လျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံ၏ ဘူမိအနေအထားများအရ ကုန်းပိုင်းဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် အနည်ကျဘူမိချိုင့်ဝှမ်း ၁၄ ခုအနက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၊ ပြည်ဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင်လည်း ဆက်လက်ရှာဖွေ စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

ပုထိုးလုံတွင်းအမှတ်(၂)တွင် ထုတ်လုပ်မှု စမ်းသပ်နေသော နေရှင်နယ် ၅၅/၆ တွင်းတူးစက်ကို ရဟတ်ယာဉ်ပေါ်မှ တွေ့မြင်ရပုံ။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၆-၁-၂၀၁၁
(ကြာသပတေးနေ့)

မျက်မှောက်ခေတ် စာပေတာဝန်ကျေပွန်

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် စာပေပညာရှင်များက မြန်မာစာပေ၏ လောကကြောင်း၊ ဓမ္မကြောင်းဆိုင်ရာ လမ်းညွှန်မှုများကိုအခြေခံပြီး ထည်ဝါခဲ့ညားသောအမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့ကြသည်။

မျက်မှောက်ခေတ် စာပေပညာရှင်များ၊ စာပေလောကသားများက ပြည်သူလူထုအတွင်း ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး စာပေဖြင့် ဗဟုသုတပေးကြရပေမည်။ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ အချင်းချင်းရိုင်းပင်းညီညွတ်သည့် စိတ်ဓာတ်ကောင်းများ ထက်သန်စေရေး စာပေတာဝန်ကျေပွန်အောင် ရေးသားတင်ပြကြရပေမည်။

၂၁ ရာစုကာလတွင် စီးပွားရေးအင်အားနှင့် ခေတ်မီနည်းပညာ အသာစီးရရှိနေသည့် နိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မီဒီယာနည်းလမ်းမျိုးစုံသုံးပြီး ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်လာလျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံအလိုက်ဖြစ်တည်နေသည့် အမျိုးသားရေးအတွေးအခေါ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့စရိုက်လက္ခဏာများ မှေးမှိန်ပျက်ပြယ်စေရန် ဖန်တီးလွှမ်းမိုးမှုများ လုပ်ဆောင်နေကြသည်ကို တွေ့နေရသည်။

နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာတည်တံ့ရေး စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေးသားရေးသည် ယနေ့စာပေပညာရှင်များ မလွဲမသွေထမ်းဆောင်ကြရမည့် သမိုင်းပေးတာဝန်များဖြစ်သည်။ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစွမ်းအား၊ စာပေစွမ်းအားဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးလာမှုများကို ဟန့်တားဖယ်ရှားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က စာပေလောက ရှင်သန်ထွန်းကားရေးအတွက် အားပေးချီးမြှင့်ပံ့ပိုးလျက်ရှိသည်။ စာပေပညာရှင်များ၏ စာပေလက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး စာပေဆုနှင်းပွဲများဖြင့် ဂုဏ်ပြုချီးမြှင့်နေသည်။ ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုနှင်းသဘင်အခမ်းအနားကို နေပြည်တော်တွင် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပပြီး စာပေပညာရှင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသားရေးကို ရှေ့ရှုသည့် စာပေများသည် ပြည်သူတို့အား မှန်ကန်သော အတွေးအမြင် ဗဟုသုတများ ပေးနိုင်သည်။ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဖြင့် ကောင်းမြတ်သည့် စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အသိပညာစွမ်းအားပေးနိုင်သည်။ စာပေပညာရှင်များအားလုံးက တိုင်းကျိုး ပြည်ပြု စာကောင်းပေမွန်များ ပြည်သူများအကြား ပျံ့နှံ့ရောက်ရှိစေရေး မျက်မှောက်ခေတ် အမျိုးသားရေးဆိုင်ရာ စာပေတာဝန်များ ကျေပွန်အောင် ဆက်လက်စွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

အမှတ်(ဒီ) အင်းယားလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဦးထင်ကျော်လင်း-ဒေါ်ငြိမ်းငြိမ်းတင့်ဆန်းတို့၏သမီး လင်းမျက်ချယ်၏ လေးလပြည့်မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်နှင့် ဆွမ်းတစ်နေ့တာတို့အတွက် အလှူငွေကျပ် ၅၃ သိန်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလုပ်သမားဝန်ကြီးဌာန (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

အလုပ်သမားဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ ဆောင်၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးအောင်ကြည်က နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံး များမှ အကောင်းဆုံး စွမ်းဆောင်ရည်ရုံးဆု၊ လုပ်သက်အကြာဆုံးဆု၊ သင်တန်းထူးချွန်ဆု၊ သွေးလှူရှင်ဆုနှင့် ၂၀၁၀ ခုနှစ်အတွင်း ထူးခြားသော စွမ်းဆောင်ရည်များ ဖော်ပြနိုင်ကြသည့် ဝန်ထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလုပ်သမားဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သော ဌာနတွင်း အားကစားပြိုင်ပွဲများဖြစ်သည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်နှင့် စားပွဲတင်တင်းနစ် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးနှင့်တွဲဖက်၍ ပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ပြခန်းများ ပြသခြင်း၊ သက်ကြီးတိရစ္ဆာန်ဆေးကု ဆရာဝန်ကြီးများအား ကန်တော့ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ တက်ရောက်လိုသည့် အသင်းဝင်များသည် အသင်းရုံး ဖုန်း-၀၁-၆၄၄၃၀၅နှင့် ၀၁-၆၄၄၃၀၈၊ အတွင်းရေးမှူး ဖုန်း-၀၁-၆၄၀၉၂၁၊ ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၆၄၄၂၇၁ နှင့် ပြည်နယ်၊ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်း မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၅

အမှတ်(၂) အခြေခံပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသော မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ ပခုက္ကူမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း ကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်ကိုးခုအတွက် သင်ပြခဲ့ကြသော အထက်တန်းပြ ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

ဝက်ဘ်ဆိုက်ရေးသားရန်အတွက် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

Myanmar Credent Technology ကုမ္ပဏီက ဝက်ဘ်ဆိုက်ရေးသားရန်အတွက် အင်နီမေးရှင်းနှင့် ဂရပ်ဖစ်ဒီဇိုင်း (Training on Animation and Graphic Design For Web Development) သင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တိုင်း နှစ်ရက် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၂၀ လက်ခံမည်ဖြစ်သည်။

ဝက်ဘ်ဆိုက်ရေးဆွဲရာတွင် အရေးအကြီးဆုံးဖြစ်သည့် ဝက်ဘ်ဆိုက်အပြင်အဆင်နှင့် အင်နီမေးရှင်းများအား လိုအပ်ချက်နှင့်ကိုက်ညီ၍ စနစ်တကျ ပြုလုပ်တတ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်သော သင်တန်းဖြစ်သည်။ ဝက်ဘ်ဆိုက်ဒီဇိုင်း ရေးဆွဲခြင်းအပိုင်းတွင် အသုံးပြုသူအား ဆွဲဆောင်နိုင်သော ဒီဇိုင်းတစ်ခု ဖြစ်လာစေရန်အတွက် ဒီဇိုင်းသီအိုရီ၊ Design Pattern၊ Colour Scheme Typography စသော အင်္ဂါရပ်များနှင့် ညီညွတ်စေရန် စနစ်တကျ ရေးဆွဲနည်းကို Microsoft Expression Studio နှင့် တွဲဖက်ကာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။ ဝက်ဘ်ဆိုက် အင်နီမေးရှင်းအပိုင်းတွင်မူ အင်နီမေးရှင်းပုံစံချ စဉ်းစားနည်းများ၊ အင်နီမေးရှင်း သီအိုရီများ၊ Timeline Control၊ အင်နီမေးရှင်း Type လှုပ်ရှားမှုနှင့် အသံချိန်ညှိပုံများကို Adobe Software Tool အား အသုံးပြု၍ လက်တွေ့ လေ့ကျင့်ခန်းများပြုလုပ်စေပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် အသေးစိတ် အချက်အလက်များကို Myanmar Credent Technology အဆောင်(၁)အခန်း(၇) Myanmar Info-Tech ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက နတ်စင်ကုန်း (တောင်ငူ) အာစရိယ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

တောင်ငူမြို့နယ် နတ်စင်ကုန်း အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း အနန္တမေတ္တာခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးမောင်မောင်သန်း(အထက နတ်စင်ကုန်း) ဖုန်း-၀၅၄-၂၇၂၆၂၊ ၂၇၂၆၃၊ ကိုကျော်ကျော်လွင်(တောင်ငူ) ဖုန်း-၀၉-၅၃၅၀၂၅၂၊ ဒေါ်သန်းသန်းမြင့် (ညောင်လေးပင်) ဖုန်း-၀၅၂-၅၀၈၉၉၊ ကိုညဏ်မျိုးအောင်(ရန်ကုန်) ဖုန်း-၀၉-၅၁၂၀၇၅၅နှင့် ကိုရဲမင်းထွန်း၊ ခက်ခက်နွယ်(ရန်ကုန်) ဖုန်း-၀၉-၄၉၂၆၆၁၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ယုဇနဥယျာဉ်မြို့တော် (၉၂)ရပ်ကွက် စစ်တောင်းရိပ်မွန် ယုဇနလမ်း၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပစဉ်။ (၅၁၂)

☆ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးသည် ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၏ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၇။ အကပဒေသာ
၈း၁၅	၈။ အတီးပြိုင်ပွဲ
၈း၂၅	၉။ "ငှက်တစ်သောင်း"
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၅	၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅	၄။ အဆိုပြိုင်ပွဲ
၄း၅၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅	၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၃၀	၈။ တေးဂီတအစီအစဉ်
၅း၄၅	၉။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်"
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ **ပျော်ရွှင်စေသော နေ့ရက်များ**
၆း၄၀	၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရန်ခုန်သံ" (အပိုင်း-၂၄)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၈)
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၆)**
	၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂၅)**
	၂၁။ အစီအစဉ်ပြီး၏။

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ အကြိမ်(၃၀)ပြည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ဆုပေးပွဲ၊ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ဂုဏ်ပြုလွှာ ပေးအပ်ပွဲတို့ကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ နာယက ဦးမောင်မောင်ဌေး ဖုန်း-၃၇၃ ၉၇၇၊ ဥက္ကဋ္ဌ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း-၇၃၀၅၇၆၇၉၊ ဒေါ်တင်တင်အုန်း ဖုန်း-၆၈၂၄၅၁၊ ဦးကြည်မြင့် ဖုန်း-၀၉၅၁၈၇၃၆၃၊ ဦးစိုးဝင်း ဖုန်း-၃၈၁၆၅၆၊ အတွင်းရေးမှူး ဒေါ်အုန်းမြင့် ဖုန်း-၂၉၇၀၅၈ တို့သို့ ဇန်နဝါရီ ၆ ရက်နောက်ဆုံးထားပြီး စာရင်းပေးပို့ရန် အကြောင်းကြားထားကြောင်း သိရသည်။ (ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ပညာနေခြည်ခန်းမ၌ကျင်းပရာ သဃ်န်းကျွန်း ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ဝေမြင့်က မြန်မာနိုင်ငံနှင့် နိုင်ငံတကာထုံးမလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ ပထမနှင့်ဗဟိုအဆင့် တတိယရရှိသော သတ္တမတန်းမှ မယွန်းမှီမှီထက်အား ထူးချွန်ဆုချီးမြှင့်စဉ်။

(၅၀၆)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြပြီး နှစ်နိုင်ငံ သတင်းနှင့် ပြန်ကြားရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် ဇန်နဝါရီ ၅

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၃၀ ရက်က မကျီးပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၈၇/ခ) ဦးပိုင်အမှတ် (၃၉/က) တောင်သူဦးခင်မောင်လတ်၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နေပြည်တော်ခရိုင် မန်နေဂျာ ဦးစောစိန်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျင်မောင်နှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီး ဦးညွှန့်အောင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် မော်ဘီကောက်ညှင်းမွေးစပါးခင်းတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၉၂ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကြီးအောင်ရပ်ကွက် ရှင်စောပုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ထွင်ရှ်တို့ လမ်းသစ်အား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနေ တရားရုံးချုပ်ရှေ့နေ နိုင်ငံတော်ပဗ္ဗလစ် ဦးအုံးမောင်၏ ဇနီး ဒေါ်သန်းသန်းအေး၊ သမီး မကေသီအုံး မိသားစုက ဒေါ်သန်းသန်းအေး (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာ အထူးအာဟာရ၊ ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်၊ ရေလှောင်ကန်သစ်တို့အတွက် ငွေကျပ်ခြောက်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Yazana Group ၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးတင်မောင်သန်း (ဒုတိယဥက္ကဋ္ဌ MFF)၊ စာရေးဆရာကျော်ဝင်း၊ ဦးလှမောင်ရွှေ (အကြီးတန်း ဒုတိယဥက္ကဋ္ဌ MFF)နှင့် ဒေါက်တာနေဝင်းမောင် (Living Color Magazine & Myanmar Egress)တို့က "၂၀၂၀ အလွန် မြန်မာနိုင်ငံ၏ အနာဂတ်" (Myanmar 2020 and Beyond) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁) သန်လျင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၁၆ဦး တို့အား မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၈ရက် (စနေနေ့) နံနက် ၉နာရီတွင် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်း သား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ယင်းနေ့တွင်ပင် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)

ဆိုင်ကယ်ချင်းတိုက်၍ တစ်ဦးသေဆုံး

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ (၉)နေ ကိုစိုးရွှေ စီးနင်းသည့် လော့ဂျာ အနက်ရောင်ဆိုင်ကယ်နှင့် ဝန်ဇင်းရပ်ကွက် လှျပ်စစ်ဝင်းအတွင်းနေ ဟာန်ပြည့်ဖြိုး စီးနင်းလာသည့် ဟွန်ဒါ ၁၂၅ ဆိုင်ကယ်တို့ ဒီဇင်ဘာ ၃၁ ရက်ညက မျက်နှာချင်းဆိုင်တိုက်မိကြရာ ကိုစိုးရွှေမှာ ဒဏ်ရာရရှိပြီးနေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို အမှတ်(၂) ရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ထိုင်းနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော် ဗိုလ်ချုပ်မှူးကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မြန်မာပြည်သူအပေါင်း တိုးတက်စည်ပင်ဝပြောပါစေရန် မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးကို လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သအပ်ပါကြောင်း။

မိမိတို့အသီးသီး၏ ကြိုးပမ်းအားထုတ်မှုဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ရှေ့ဆက်ခိုင်မာတိုးတက်လာစေရန် ဆန္ဒပြုအပ်ပါ ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လွတ်လပ်ဖွံ့ဖြိုး၍ စည်ပင်ဝပြောသော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် မြန်မာပြည်သူအပေါင်းတို့ အောင်မြင်မှု အဆင့်ဆင့်ရပါစေရန် ဆန္ဒပြုအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

သီရိလင်္ကာနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင် ဒါရာဂျာပက်ခ်စာထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ပြည်သူအပေါင်းတို့ကို နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာနိုင်ငံတို့အကြားတွင် ယဉ်ကျေးမှု နှင့် ဘာသာရေးအရ အစဉ်အလာအားဖြင့် ဆက်စပ်မှုရှိပြီး ခိုင်မာသည့်ချစ်ကြည်ရေး ရှိသည့်အားလျော်စွာ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းရေး အတွက် ဘက်စုံကဏ္ဍစုံ၌ ဆက်လက်ပူးပေါင်းတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ကို မိမိ အနေဖြင့် ယုံမှားသံသယမရှိပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာ ပြီး စည်ပင်ဝပြောသော နိုင်ငံတစ်နိုင်ငံအဖြစ်တည်ဆောက်ရာတွင် အောင်မြင်မှုများ ရရှိစေရန် ဆန္ဒပြုအပ်ပါကြောင်း။

အဆွေတော် ဗိုလ်ချုပ်မှူးကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန် ဆုမွန် ကောင်း တောင်းအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ပါကစ္စတန်သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံသို့ ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဆစ်အလီဇာဒါရီ ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ ပါကစ္စတန်ပြည်သူများ အနေဖြင့်လည်းကောင်း နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးရှိသည့် အားလျော်စွာ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုကို အခြေခံ သည့် ဆက်ဆံရေးသည် အနာဂတ်တွင်လည်း ဆက်လက်ခိုင်မြဲတည်တံ့မည်ဟု ယုံကြည် ပါကြောင်း ဖော်ပြပါရှိသည်။

ပေါ်တူဂီသမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာအန်နီဘယ်လ်ကာဗာကိုဆေးလ်ဗား ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ် မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိအနေဖြင့် မြန်မာပြည်သူအားလုံး တိုးတက်စည်ပင်ဝ ပြောကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။

တောင်ကိုရီးယားနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်က ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကိုရီးယားသမ္မတနိုင်ငံ ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတည်ငြိမ်စွာ တိုးတက်ဖွံ့ဖြိုးလာမှုအပေါ် မိမိအနေဖြင့် ကျေနပ်မှုရှိသည်ကို ဖော်ပြလိုပါကြောင်း၊ တောင်ကိုရီးယားနှင့် မြန်မာ နိုင်ငံ ပြည်သူများအကြား အပြန်အလှန်လေးစားချစ်ကြည်မှုနှင့် ဘုံအကျိုးစီးပွားကို အခြေခံသော ပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ်၌လည်း ဆက်လက်ခိုင်မြဲ မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ဂျပန်နိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတိုထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိ အနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အဆွေတော် ဗိုလ်ချုပ်မှူးကြီးနှင့်တကွ မြန်မာပြည်သူအားလုံး ဝမ်းမြောက် ပျော်ရွှင်ရေးနှင့် ကြီးပွားတိုးတက်စေရေးအတွက် ဆုမွန်ကောင်းတောင်း အပ်ပါ ကြောင်း ဖော်ပြပါရှိသည်။

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် နာအိုတိုခန်က ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ် မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ဂျပန်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိ အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ တိုးတက်စည်ပင်ဝပြောရေးအတွက် ဆန္ဒမွန်ပြု အပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ရေဒါဖြင့် ထောက်လှမ်းနိုင်စွမ်းမရှိသည့် တိုက်လေယာဉ် တရုတ်နိုင်ငံ စမ်းသပ်ပျံသန်း

ပေကျင်း ဇန်နဝါရီ ၅ - ရေဒါဖြင့် ထောက်လှမ်းနိုင်စွမ်းမရှိသည့် ကိုယ်ပျောက်တိုက်လေယာဉ် အမျိုးအစားကို တရုတ်နိုင်ငံက အောင်မြင်စွာ စမ်းသပ်ပြီးဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့သော တိုက်လေယာဉ် အမျိုးအစားမျိုးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းသည် တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ခေတ်မီရေး ပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံတကာက မျှော်လင့်ထားသည်ထက် ပိုမိုတိုးတက်နေကြောင်း သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များကို ကိုးကား၍ ဂျပန်သတင်း မီဒီယာများက ဖော်ပြခဲ့သောဓာတ်ပုံများတွင် တရုတ်နိုင်ငံ၏ ဂျေ-၂၀ အမျိုးအစား ရေဒါဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိသော တိုက်လေယာဉ် စမ်းသပ်မှုတစ်ရပ်ကို ဖော်ပြနေသည်။

ရေဒါဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိသော ဂျေ-၂၀ အမျိုးအစား တိုက်လေယာဉ်ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသ လေယာဉ်ကွင်းတစ်ခု၌ စမ်းသပ်ပျံသန်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဂျေ-၂၀ အမျိုးအစား အဆင့်မြင့်နည်းပညာသုံး တိုက်လေယာဉ်များကို ၂၀၁၇ ခုနှစ်အမီ ဖြန့်ကြက်နိုင်ရေးအတွက် ယခုလအတွင်း စမ်းသပ်ပျံသန်းမှုများကို ကျယ်ကျယ် ပြန့်ပြန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၌ ထုတ်ဝေသော အဆာဟိရှင်ဘွန်း သတင်းစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဂျေ-၂၀ အမျိုးအစား တိုက်လေယာဉ်များသည် ပျံသန်းစဉ်အတွင်း လောင်စာ ဆီဖြည့်တင်းမှုစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ အစောင့်အရှောက်ခံ ဂူအမ်ကျွန်းအထိ ပျံသန်းရောက်ရှိနိုင်မည် ဖြစ်သည်။

တရုတ်နိုင်ငံ လေတပ်မတော်၏ ပဉ္စမမျိုးဆက်သစ်
ရေဒါဖြင့် ထောက်လှမ်းခြင်းမပြုနိုင်သော ဂျေ-၂၀ အမျိုးအစား တိုက်လေယာဉ်။

အမေရိကန်နိုင်ငံက ထုတ်လုပ်သော ရေဒါမှထောက်လှမ်းနိုင်ခြင်းမရှိသည့် အက်ဖ်-၂၂ တိုက် လေယာဉ်များကို နည်းပညာအရ ရင်ပေါင်တန်းနိုင်ရန် တရုတ်နိုင်ငံ၏ ဂျေ-၂၀ တိုက်လေယာဉ် များသည် နှစ်အနည်းငယ်မျှ အချိန်ယူရဦးမည်ဖြစ်ကြောင်း အဆာဟိရှင်ဘွန်းသတင်းစာတွင် ဖော်ပြ သည်။

အေအက်ဖ်ပီ။

ပါလက်စတိုင်းဒေသသို့ ရုရှားသမ္မတ သွားရောက်လည်ပတ်မည်

မော်စကို ဇန်နဝါရီ ၅

အစ္စရေးနိုင်ငံသို့သွားရောက်မည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့သော်ငြားလည်း ရုရှားနိုင်ငံသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ် (ဝဲပုံ) **သည် ပါလက် စတိုင်းနယ်မြေများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ရုရှားအစိုးရအဖွဲ့ရုံးစိုက်ရာ ကရင်မလင်နန်းတော်က ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန် ကြေညာသည်။**

အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနသည် ရုရှားသမ္မတ၏ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အခက်အခဲကြုံနေရခြင်းကြောင့် ဒီမစ်ထရီ မက်ဗီဒက်ဗ်က ၎င်း၏ အစ္စရေးခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။

သို့ရာတွင် ရုရှားသမ္မတက ပါလက်စတိုင်းနှင့် ဂျော်ဒန်နိုင်ငံတို့ကို သွားရောက်ရန်စီစဉ်ခဲ့ခြင်းအပေါ် အစ္စရေးနိုင်ငံအနေဖြင့် အမျက်ထွက်ဖွယ် အကြောင်းရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှားသမ္မတ၏ ဇန်နဝါရီလ အစ္စရေးခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်နိုင်စွမ်းမရှိခဲ့ခြင်းကို အစ္စရေးသမ္မတ ရှီမွန်ပီးရက်စ်က တောင်းပန် စကားဆိုခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ကရင်မလင်နန်းတော်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် ရုရှားနှင့်အစ္စရေးသမ္မတတို့က ယခုလကုန်ပိုင်း၌ ဆွစ်ဇာလန်နိုင်ငံ ဒါးဗော့စ်မြို့၌ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးညီလာခံတွင် တွေ့ဆုံကြရန် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးစဉ်အတွင်း သဘောတူခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

အာဖဂန်ငြိမ်းချမ်းရေးကောင်စီကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးပွဲပြုလုပ်ရန် ပါကစ္စတန်သို့ထွက်ခွာ

ကဘူး ဇန်နဝါရီ ၅

အာဖဂန်ငြိမ်းချမ်းရေးကောင်စီမှ အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံသို့ ဇန်နဝါရီ ၄ ရက်တွင် ထွက်ခွာသွား ကြောင်း၊ အဖွဲ့ဝင် ၁၇ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ် ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရအဖွဲ့နှင့် စစ်သွေးကြွ အုပ်စုများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင် အထည်ဖော်နိုင်ရန် ပါကစ္စတန်နိုင်ငံက ထောက်ခံအား ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၌ စစ်သွေးကြွများခိုအောင်းလျက်ရှိ ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရာ၌ နှစ် နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် မိမိတို့၏ ခရီးစဉ်က ရည်မှန်း ကြောင်း အာဖဂန်ငြိမ်းချမ်းရေးကောင်စီ ဒုတိယအကြီးအကဲ အဗ္ဗဒူလ်တာ စင်မူဂျာဟစ်က ပြောကြားသည်။ ၎င်းသည် ကုလသမဂ္ဂဆိုင်ရာ တာလီဘန်ကိုယ်စားလှယ်ဟောင်း ဖြစ် သည်။

အာဖဂန်ငြိမ်းချမ်းရေးကောင်စီကို သမ္မတ ဟာမစ် ကာဇိုင်းက လွန်ခဲ့သည့်နှစ်တွင် ဖွဲ့စည်းပေးခဲ့သည်။

အာဖဂန်ကိုယ်စားလှယ်အဖွဲ့ကို အာဖဂန်သမ္မတ ဟောင်း ကာဟန်နူဒင်ရာဘာနီက ဦးဆောင်သည်။ ငြိမ်းချမ်း ရေးကောင်စီအဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံရှိ ပြည်နယ် များသို့ သွားရောက်ကာ ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး သူရဦးအေးမြင့် မန္တလေး အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်တို့သည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် မန္တလေးအဆင့်မြင့်ဘောလုံးကွင်းတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့အား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မန္တလေး အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်မည့်လုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက မင်းတိုင်ပန္နက်တော်အားလည်းကောင်း၊ ဝန်ကြီးက ရွှေတိုင်ပန္နက်တော်အား လည်းကောင်း ကိုးချက်စီတင်ကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြို့တော်ဝန်က ငွေတိုင် ပန္နက်တော်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဥရူတိုင် ပန္နက်တော်တို့ကို ပန္နက်တင်ကြပြီး တာဝန်ရှိသူတို့က ပန္နက် အသီးသီးတင်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး တာဝန်ရှိသူများနှင့် ဘောလုံးလူငယ်အဖွဲ့များအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး စက်မှု(၁) မောင်မြန်မာ စက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး မောင်မြန်မာ အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ပထမရရှိသူအားလည်းကောင်း၊ ဝန်ကြီးက ဒုတိယရရှိသူအားလည်းကောင်း၊ မြို့တော်ဝန်က တတိယရရှိသူအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူတို့က မောင်မြန်မာ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ကျောဖုံးမှ

လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်နေသော ရောဂါဘယများကြောင့် နှစ်စဉ် လူပေါင်း ၁ ဒသမ ၅ သန်းခန့် သေဆုံးရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကာလီဖိုးနီးယားပြည်နယ်အတွင်းရှိ ဈေးဆိုင်များ၊ ပြည်သူများစုဝေးရာနေရာများ၊ စာသင်ကျောင်းများ၊ လုပ်ငန်းခွင်များ၊ ကလေးကစားကွင်းများစသည့် နေရာများ၌ မီးခိုးမှိုင်း စုဝေးမှုအခြေအနေကို လေ့လာမည်ဖြစ်သည်။

ချက်ပြုတ်ရာ၌ အသုံးပြုသော မီးဖိုများ၊ ဇီဝဒြပ်ထုလောင်ကျွမ်းမှုများ၊ ထရပ်ကားများနှင့် ဘတ်စ်ကားများ၏ ဒီဇယ်အင်ဂျင်များသည် မီးခိုးမှိုင်းပေါ်ထွက်စေသော အကြောင်းတရားများဖြစ်သည်။ ***(အင်တာနက်)***

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ မွေးမြူသုတ
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၅း၀၀ ၈။ မွေးမြူသုတ
- ၅း၁၀ ၉။ ရန်သူမီး
- ၅း၃၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မာယာနှုတ်ခမ်း (အပိုင်း-၂၈)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၁၆)
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ကြယ်စင်ညီအစ်မများ (အပိုင်း-၄၃)**
- ၇း၅၃ ၁၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ အနုပညာရှင်၏တစ်နေ့တာ
- ၂၄။ ကုန်သွယ်သုတ/ ရှေးဟောင်းသုတ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၃)**
- ၂၇။ ဂီတရင်ခုန်သံ
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

ရွှေဆင်ထားသည့် ကလေးငယ်ထံမှ အလစ်သုတ်မှု ဖြစ်ပွား

ပဲခူး ဇန်နဝါရီ ၅

နေအိမ်သို့ လာရောက်လည်ပတ်သူက အုပ်ထိန်းသူများရှိနေစဉ်မှာ ရွှေဆွဲကြိုး ဝတ်ဆင်ထားသည့် ကလေးငယ်နှင့် ရင်းရင်းနှီးနှီး ဆော့ကစားနေခဲ့ပြီး လူကြီးများအလစ်တွင် ကလေးငယ်ထံမှ ရွှေဆွဲကြိုး ဖြုတ်ယူသွားမှုတစ်မှု ပဲခူးမြို့၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဥဿာသီရိ(၈)လမ်းနေသူသည် ဒီဇင်ဘာ ၇ ရက်တွင် နေအိမ်၌ ရှိနေစဉ် လုပ်ငန်းအတူလုပ်ကိုင်ခဲ့သူ တစ်ဦးနှင့် အခြားလူငယ်တစ်ဦးတို့ နေအိမ်သို့ လာရောက်လည်ပတ်ကြပြီး လူငယ်တစ်ဦးက မြေးတော်သူနှင့် နေအိမ်ရှေ့တွင် ဆော့ကစားနေခဲ့ရာ မြေးငယ်၏ လည်ပင်း၌ဆွဲထားသော အလေးချိန် ရှစ်ပဲသားရှိ ၁၄ ပဲရည် ရွှေဆွဲကြိုးတစ်ကုံး ကာလတန်ဖိုးငွေ ကျပ် ၃၀၀၀၀၀၊ အလေးချိန် လေးရွေးသားရှိ ၁၄ပဲရည် ရွှေလော့ကတ်သီးတစ်ခု၊ တန်ဖိုးငွေကျပ် ၃၅၀၀၀ ပျောက်ဆုံးနေကြောင်း သိရသည်။ မြေးငယ်အား မေးမြန်းကြည့်ရာ လူငယ်တစ်ဦး ယူသွားကြောင်း သိရသဖြင့် လိုက်လံရှာဖွေတွေ့ရှိ၍ စစ်ဆေးကြည့်ရာ ဝှင်းဝတ်ဆင်ထားသော ဂျင်းဘောင်းဘီရှည် အတွင်းအိတ်၌ အဆိုပါ ရွှေဆွဲကြိုးနှင့် လော့ကတ်ကို တွေ့ရှိရသဖြင့် ပဲခူး အမှတ် (၁) ရဲစခန်းသို့ လာရောက်အမှုဖွင့် တိုင်ကြားခဲ့သည်။

သားသမီးကိုချစ်ကြ၍ အဖိုးတန် ရတနာများကို ဆင်ပေးလေ့ရှိကြရာတွင် ကလေးငယ်၌ အန္တရာယ်ရှိတတ်သဖြင့် မိဘများ အထူးသတိပြုဆင်ခြင်သင့်ကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (၄၀၃)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့စည်ပင်သာယာရေးအဖွဲ့မှ တီကျစ်ဆုံလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း၊ ရပ်မိရပ်ဖ ဦးတင့်ဝေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်း၌ ယာဉ်တိုက်မှုများ၍ သတိပြုဆင်ခြင်မောင်းနှင်

ဝမ်းတွင်း ဇန်နဝါရီ ၅

ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ဒီဇင်ဘာ ၂၄ရက်က ရန်ကုန်-မင်းဘူး-မန္တလေး မှန်လုံကားနှင့် ရပ်ထားသော ကုန်တင်ကားတိုက်မိရာ တစ်ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာ ၃၀ ရက်ကလည်း အရှိန်ပြင်းစွာမောင်းသည့် ခရီးသည်တင် မှန်လုံကား တိမ်းမှောက်သဖြင့် လေးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိခဲ့သည်။ ဇန်နဝါရီ ၁ရက်ကလည်း ခရီးသည်တင်မှန်လုံကားက ထွန်စက်နောက်တွဲ ထယ်သွားများကို ဝင်တိုက်ခဲ့သဖြင့် တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုနေ့ကလည်း ဝမ်းတွင်းမြို့နယ် ပင်းတလဲ ကားလမ်းပေါ်တွင် ကားတစ်စီးကို ကျော်တက်သောဆိုင်ကယ်က ကားကိုချိတ်မိပြီး လဲကျရာ ဆိုင်ကယ်မောင်းသူ အမျိုးသမီး ဒဏ်ရာရရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ယခုရက်ပိုင်းအတွင်း ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း အထူးသတိပြု ဆင်ခြင်မောင်းနှင်ရန်လိုကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ပုသိမ်မြို့ အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း စွမ်းအင်ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး စက်ရုံစမ်းသပ်လည်ပတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ Precommissioning၊ Commissioning စမ်းသပ်လည်ပတ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နည်းစဉ်များအလိုက် Process မှန်ကန်ရန်၊ လျှပ်စစ်မီး မပြတ်တောက်စေရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဌာနချင်း ညှိနှိုင်းဆောင်ရွက်ရန်နှင့် စက်ရုံအား သတ်မှတ်ရက်အတွင်း အချိန်မီဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ရှာမှီးခြင်းမလွဲပါစေနှင့်" တရားတော်(ဆရာတော် ဘဒ္ဒန္တဝိစိတ္တ)
- ၆း၃၅ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၉၄)**
- ၈း၃၅ Fashion Music Festival (Part-24)
- ၉း၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (ချစ်သူဘဝအမှတ်တရ) (ပြေတီဦး၊ အူဝဲ)
- ၉း၂၅ Activities In The City
  - သံချိုဆရာဦးမောင်မောင်တီ မှဆုချီးမြှင့်ပွဲ
  - ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်
- ၁၀း၀၀ Science For All (ပျက်သုဉ်းလျက်ရှိသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
- ၁၀း၂၅ ရမ္မာဝတီသို့ . . . ရွက်လွှင့်ခြင်း
- ၁၀း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၀ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ မန္တလေးတက္ကသိုလ် ပထဝီဝင် မိသားစု၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၁၂း၃၀ "အပန်းဖြေကြည့်ရှုစရာ. . . ဇာတ်ကားမိတ်ဆက်ကဏ္ဍမှာ" (ကောက်ရဇာတ်ကား)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (3D Launch LG Dealers Conference)
- ၁း၀၀ "ရှာမှီးခြင်းမလွဲပါစေနှင့်" တရားတော်(ဆရာတော် ဘဒ္ဒန္တဝိစိတ္တ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သက်တံရောင်ကမ္ဘာထဲက TOA COLOR WORLD
- ၂း၄၅ စလင်း အထကကျောင်းကြီး၏ နှစ်(၁၀၀)ခရီး
- ၃း၀၀ Living With Technology Expo 2011, Yangon ၏ စာနယ်ဇင်းရှင်းလင်းပွဲ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၉၄)**
- ၄း၃၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ရပ်ကွက်ထဲက လုံးချင်းအိမ်ကလေး)
- ၄း၅၀ ဂီတသရုပ်ပြခန်း (ဇေယျာနိုင် Selection)
- ၅း၁၀ ကသဲကုန်းကျေးရွာမှ "သဗ္ဗသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး"၏ ထီးတော်တင်ပွဲ
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (ချစ်သူဘဝအမှတ်တရ) (ပြေတီဦး၊ အူဝဲ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၂၈)**
- ၇း၁၅ Fashion Music Festival (Part-25)
- ၇း၄၅ ပန်းချီပြခန်း (My Wish and My Taste)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ရှက်တတ်တာကောင်းတယ်၊ မရှက်တတ်တာကောင်းတယ်)
- ၉း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၉၅)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေ ဆိုကြစို့
- ၁၀း၃၅ သင်ယူလေ့လာဂီတပညာ (Part-4) (Triads- basic Chords)
- ၁၁း၀၀ ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ(အပိုင်း-၄)
- ၁၁း၁၅ ဆေးဖက်ဝင် ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
- ၁၁း၂၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး "ငါးဖိန်း")
- ၁၁း၃၀ ဆေးပညာနှင့်ပတ်သက်သော အယူအဆအမှားများ(အပိုင်း-၁) [ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)]
- ၁၁း၅၀ မြို့ပြနှင့် ဘောလုံးယဉ်ကျေးမှု
- ၁၂း၂၅ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁၂း၃၅ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး(ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ) (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
- ၁၂း၅၀ Box Office Movies (Fast & Furious 4)
- ၁း၀၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
- ၁း၃၀ လေ့လာမြတ်နိုးထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနအကြောင်း သိကောင်းစရာ)
- ၂း၀၀ သာယာစိုပြည် ကြံခင်းမြေ
- ၂း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာ လန်းဖြာဖြာ)
- ၂း၃၀ စက်မှုစွမ်းအား ထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှုနည်းစနစ်များ)
- ၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၀ လွန်းတင်သည့်ကြိုး
- ၄း၁၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၄း၁၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Inner Space)
- ၄း၃၀ Treasure From The Earth (အပိုင်း-၁)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ပုဗ္ဗသီရိမြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

၂၀၁၁ ခုနှစ် (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ဇေယျာသီရိ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ဥတ္တရသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရဲမြတ်တင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အားကစားကွင်း၌ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမင်း ဖတ်ကြားစဉ်။ (၅၃)

❖ ပုထိုးလုံမှ

ယင်းသို့ စမ်းသပ်ရှာဖွေခဲ့သည့် အနက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ ရေနံရှာဖွေရေး လုပ်ကွက်တစ်ခုဖြစ်သော ပုထိုးလုံအစမ်းတွင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို မကြာမီက စမ်းသပ်တူးဖော်တွေ့ရှိခဲ့သည်။ ပုထိုးလုံအစမ်းတွင်းများသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ပုလဲမြို့နယ်နှင့် ကနီမြို့နယ်တို့အတွင်းရှိသည့် ကုန်းပိုင်း ရေနံရှာဖွေရေး လုပ်ကွက် အမှတ်(ဒီ) (Block D) အတွင်း တည်ရှိသည်။ ယင်းလုပ်ကွက်သည် ဧရိယာအားဖြင့် ဧက ၃၀၄၈၃၂၀ ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၀၀၀ ခန့်မြင့်သည့် ပုံတောင်ပုံညာတောင်တန်းတွင် တည်ရှိသည်။ အဆိုပါ Block D ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်နိုင်ငံ SIPC Myanmar Petroleum Co., Ltd. တို့သည် ၃-၉-၂၀၀၄ ရက်နေ့တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract- PSC) ကို ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။

SIPC ကုမ္ပဏီသည် ၂၀၀၇ခုနှစ်မှ စတင်၍ 2D Seismic တိုင်းတာခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ခုနှစ် အထိ စုစုပေါင်း 2D Seismic ၂၉၁၈ လိုင်းကီလိုမီတာကို တိုင်းတာဆောင်ရွက်ပြီးစီးခဲ့သည်။ ယင်း 2D Seismic လိုင်းများ၏ အဓိပ္ပာယ်ပုံဖော်ဆောင်မှုအပေါ် မူတည်၍ Block D အတွင်း၌ သဘာဝဓာတ်ငွေ့ ခိုအောင်းတည်ရှိနိုင်သော ဘူမိဗေဒ အနေအထားများပေါ်တွင် ပုထိုးလုံ၊ ယာကြီးတို့တွင် ရှာဖွေရေးအစမ်းတွင်း လေးတွင်းကို တူးဖော်စမ်းသပ်ပြီးစီးခဲ့ပြီး သင်ဂဒုန်းနှင့် ပိတောက်ကုန်း အစမ်းတွင်းသစ် နှစ်တွင်းကိုလည်း တူးဖော်လျက်ရှိသည်။

ပုထိုးလုံအစမ်းတွင်း အမှတ်(၁)သည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောကျေးရွာ၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ယင်းအစမ်းတွင်းကို ၂-၉-၂၀၀၇ ရက်နေ့တွင် စတင် တူးဖော်ခဲ့ပြီး ၂-၆-၂၀၀၈ ရက်နေ့တွင် အနက် ၁၂၄၆၁ ပေသို့ ရောက်ရှိခဲ့သည်။ အနက် ၇၈၁၃ ပေနှင့် ၇၈၉၅ ပေအကြားရှိ သဲကြောနှင့် အနက် ၇၈၇၈ ပေနှင့် ၇၉၀၆ ပေအကြားရှိ သဲကြောတို့ကို သေနတ်ဖောက်စမ်းသပ်ခဲ့ရာ တစ်နေ့လျှင် လေဆီ (ရေနံအပေါ့စား) ၆၁ စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၁၉ သန်း ထုတ်ယူရရှိခဲ့သည်။

SIPC ကုမ္ပဏီသည် ကျောကျေးရွာ၏ အရှေ့မြောက်ဘက် ၁၄ မိုင်အကွာရှိ နေရာ၌ ပုထိုးလုံအစမ်းတွင်း အမှတ်(၂)ကို ၁-၈-၂၀၀၉ ရက်နေ့တွင် စတင်တူးဖော်ခဲ့ရာ အနက် ၁၂၃၀၇ ပေအထိ ရောက်အောင် တူးဖော်နိုင်ခဲ့သည်။ ထို့နောက် ၂၇-၇-၂၀၁၀ ရက်နေ့တွင် အနက် ၇၇၄၃ ပေမှ ၇၇၆၆ ပေအကြားရှိ သဲကြောကို သေနတ်ဖောက်စမ်းသပ်ခဲ့ရာ တစ်နေ့လျှင် လေဆီ (ရေနံအပေါ့စား) ၃၀ စည်နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၅၅ သန်း ထုတ်ယူရရှိခဲ့သည်။

SIPC အနေဖြင့် အဆိုပါ ပုထိုးလုံဒေသ၌ ကနဦး သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏ ကုဗပေ ၉၀၉ ဘီလီယံနှင့် ကနဦးလေဆီ ခိုအောင်းမှုပမာဏ စည် ၇ ဒသမ ၁၆သန်းရှိမည်ဟု ခန့်မှန်းထားသည်။ အစမ်းတွင်းအမှတ်(၁) ဧရိယာနှင့် အစမ်းတွင်း အမှတ်(၂) ဧရိယာတို့တွင် တွင်းများ ဆက်လက်တူးဖော် ထုတ်လုပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယင်းပုထိုးလုံဒေသမှ သဘာဝဓာတ်ငွေ့နှင့် လေဆီ(ရေနံစိမ်းအပေါ့စား) များကို နှစ်ပေါင်းများစွာ ထုတ်လုပ်သုံးစွဲသွားနိုင်မည် ဖြစ်ပါသည်။

SIPC သည် Block D အတွင်းရှိ ဂန့်ဂေါ၊ ပုထိုးလုံ၊ မဟူတောင်၊ ကနီ၊ သင်ဂဒုန်းနှင့် ယခု Block D နှင့် MOGE မှ လုပ်ကိုင်လျက်ရှိသော လက်ပံတို၊ ကျောက်ခွက်ဒေသလုပ်ကွက် Boundary အနီးတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သောTrap ၄၂ ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့အနက်မှ အလားအလာ ကောင်းမည်ဟု ထင်မြင်ယူဆရသော Trap သုံးခု (ပုထိုးလုံ+မဟူတောင်+သင်ဂဒုန်း) တို့ပေါ်တွင် ရှာဖွေရေးအစမ်းတွင်းများ တူးဖော်ခဲ့သည်။ လောလောဆယ်တွင်လည်း အစမ်းတွင်းများ ဆက်လက်တူးဖော်နေဆဲဖြစ်သည်။ တူးဖော်ရာတွင် အနက်ပေ ၂၀၀၀၀ ကျော်အထိ တူးဖော်နိုင်သော ပေနက်တွင်းတူးစက် နှစ်စက်ဖြင့် တူးဖော်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ပုလဲမြို့၏ အနောက်ဘက် ၁၆ မိုင်ခန့်အကွာရှိ ပိတောက်ကုန်း အစမ်းတွင်း အမှတ် (၃)နှင့် ကျောကျေးရွာ၏ အရှေ့ဘက် ၁၀ မိုင်အကွာရှိ သင်ဂဒုန်း အစမ်းတွင်း အမှတ် (၁) တို့ကို တူးဖော်လျက်ရှိရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော အထောက်အထားများကို တွေ့ရှိရသဖြင့် ရည်မှန်းအနက်ပေများအထိရောက်အောင် ဆက်လက်တူးဖော်လျက်ရှိသည်။ အဆိုပါ အစမ်းတွင်းများ တူးဖော်ပြီးပါက ပုထိုးလုံအစမ်းတွင်း အမှတ် (၃)နှင့် ပုထိုးလုံအစမ်းတွင်း အမှတ် (၁-၁)တို့ကို ဆက်လက်တူးဖော်မည်ဖြစ်ပြီး အစမ်းတွင်းများအား အောင်မြင်စွာ တူးဖော်စမ်းသပ်ပြီးစီး၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏကို ပိုမိုတိုးတက် တွက်ချက်ရရှိလာပါက ပုထိုးလုံဒေသမှ သဘာဝဓာတ်ငွေ့အား စနစ်တကျ ထုတ်ယူဖြန့်ဖြူးပေးနိုင်ရန် Development Plan ကို ချမှတ် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်လုပ်ကိုင်နေစဉ်အတွင်းတွင်လည်း Block D အတွင်းရှိ အလားအလာကောင်းသော အခြားသော ဘူမိဗေဒ အနေအထားများပေါ်တွင် ရှာဖွေရေးအစမ်းတွင်းများတူးဖော်ခြင်းနှင့် ပုထိုးလုံ ဘူမိဗေဒ အနေအထားပေါ်တွင် 3D Seismic တိုင်းတာမှုလုပ်ငန်းများ အသေးစိတ် ဆောင်ရွက်ခြင်းတို့အား တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် တိုင်းတာရရှိသော ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များအပေါ် မူတည်၍ တူးဖော်ရမည့် တွင်းအရေအတွက်နှင့် ထုတ်ယူရရှိနိုင်မည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပမာဏတို့ကို အသေးစိတ် ပြန်လည်တွက်ချက်နိုင်မည်ဖြစ်သည်။

လောလောဆယ်တွင် ပုထိုးလုံ အစမ်းတွင်းများ၌သာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် ထုတ်ယူနိုင်ရန် တွေ့ရှိရသေးသော်လည်း Block D အတွင်း၌ စီးပွားဖြစ် ထုတ်ယူနိုင်ရန် အခြားအလားအလာကောင်းသော ဘူမိအနေအထားများကိုလည်း တွေ့ရှိထားပြီးဖြစ်ရာ ယင်း ဘူမိအနေအထားများမှ တူးဖော်စမ်းသပ်တွေ့ရှိရပါက အဆိုပါလုပ်ကွက်သည် နိုင်ငံတော်၏ အားထားရသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီး တစ်ခုဖြစ်လာဖွယ်ရှိကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

လုပ်ကွက်အမှတ် BLOCK-D တည်နေရာပြမြေပုံ

အောင်ပွဲရ အားကစားအသင်းများအား ဂုဏ်ပြုပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အောင်ပွဲရအားကစားအသင်းများမှ အသင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆုများကို အပ်နှံကြရာ တိုင်းမှူးကလက်ခံပြီး ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ် ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အောင်ပွဲရ အားကစားအသင်းများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် အောင်ပွဲရ အားကစားအသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တံခွန်စိုက်ဒိုင်း အပ်နှံ

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းထံ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အားကစားအသင်းများက တံခွန်စိုက် ဒိုင်းဆုများကို အပ်နှံကြစဉ်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနမှ မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၀) ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၅



ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာသမိုင်းသုတေသနစာစောင်များ သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိရာ ယခု မြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၀) ထုတ်ဝေဖြန့်ချိလိုက်ဖြစ်သည်။ မြန်မာသမိုင်းသုတေသနစာစောင်ကို သမိုင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေခဲ့ရာ ယခု အမှတ်(၂၀)သို့ ရောက်ရှိလာပြီဖြစ်သည်။ ယခုထုတ်ဝေသည့် မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၀)တွင် သုတေသနစာတမ်းရှစ်စောင်နှင့် Review တစ်ခုတို့ ပါဝင်သည်။ ၎င်းတို့မှာ-

၁။ Le-htun-Mingala, the Royal Ploughing Ceremony (Dr.Khin Maung Nyunt)၊ ၂။ Palm-leaf Manuscript Record of a Mission Sent by the Myanmar King to the Chinese Emperor in mid-18th Century (Dr.Thaw Kaung)၊ ၃။ The Panglong Mines of the Wa State (Dr.Daw Hmwe)၊ ၄။ Traditional Culture in the Creation of Contemporary Myanmar Identity (U Sai Aung Tun)၊ ၅။ ပုဂံကွင်းဆင်းသုတေသနခရီး အစီရင်ခံစာ (ဒေါ်အေးလှ)၊ ၆။ ရှင်အရဟံမထေရ်နှင့်မင်းမြတ်အနော်ရထာ (ဒေါ်အေးသီတာ)၊ ၇။ ကုန်းဘောင်ခေတ် မြန်မာ့လူမှုအဖွဲ့အစည်းမှ အမျိုးသမီးများ (ဒေါ်တင်မိုးလတ်)၊ ၈။ ကနောင်မင်းသား၏ သားတော်၊ သမီးတော်များ (ဦးစိန်မောင်ဦး)၊ Review (Check-Listand Review of U Yi Sein's Articles on Myanmar-Maung Aung Myoe) တို့ဖြစ်သည်။ မြန်မာသမိုင်းသုတေသနစာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့်မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်များဖြစ်သည်။

၎င်းစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနမှ ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅) တွင်လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။ ထို့ပြင် နေပြည်တော် ရုံးအမှတ်(၃၅)မှ ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၃၄၄နှင့် ရန်ကုန်မြို့ အမျိုးသားပြတိုက် သမိုင်းသုတေသနဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၅၊ ၃၉၅၁၉၂တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသနဦးစီးဌာနမှ ယခင်ကထုတ်ဝေခဲ့သည့် မြန်မာသမိုင်းသုတေသနစာစောင်များကို အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးအတွင်း သစ်အချောထည်စက်ရုံနှင့် သစ်စက်တို့အား ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ဝါသစ်အချောထည်စက်ရုံသို့ သွားရောက်စစ်ဆေးရာ စက်ရုံတာဝန်ခံ ဦးအောင်နိုင်က စက်ရုံ၏ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံလည်ပတ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် သစ်အချောထည်ထုတ်လုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ရှိ အမှတ်(၁၀၃) သစ်စက်သို့ သွားရောက်စစ်ဆေးခဲ့ရာ စက်ရုံမှူး ဦးမြတ်ကောင်းကျော်က စက်ရုံ၏ (၂၀၀၉-၂၀၁၀) ဘဏ္ဍာနှစ် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်းရှိ အဆင့်မြင့် မီးသွေးတောင့်စက်ရုံနှင့် စက်ရုံအတွင်း လိုက်လံပြသရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၂-ခ) ပုံဖော်စက်ရုံ၊ S K Wood Industries Limited နှင့် ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ(ကျောက်ဆည်) **(အပေါ်ဝဲပုံ)** တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီး အကြီးတန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပို့ဆောင်ရေးအသင်း အနိုင်ရဗိုလ်စွဲ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၀ ခုနှစ် (၁၀)ကြိမ်မြောက် အမျိုးသမီးအကြီးတန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂိုးသမား အကောင်းဆုံးဆုရ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၊ ဂိုးသွင်းအများဆုံးဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်း၊ အကောင်းဆုံး အားကစားသမားဆုရ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် တတိယဆုရ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အသင်းတို့အား ဆုများကိုလည်းကောင်း၊ ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား ငွေသားကျပ်ခြောက်သိန်းနှင့် ပထမဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းအား ဆုဖလားနှင့် ငွေသားကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ကြရာ **(အပေါ်ပုံ)** အသင်း အုပ်ချုပ်သူနှင့် တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် တမံကြီးကျေးရွာ သုတပဒေသာ စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် တမံကြီးကျေးရွာ သုတပဒေသာ စာကြည့်တိုက်ဖွင့်လှစ်ပွဲနှင့် မီဒီယာပစ္စည်းများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရမ်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် တမံကြီးကျေးရွာဥက္ကဋ္ဌ ဦးလင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မီဒီယာပစ္စည်းများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဆွေးနွေးပြောကြားကာ ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

သုတပဒေသာစာကြည့်တိုက်သို့ နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းနှင့် သွပ်အချပ် ၅၀၊ တမံကြီးကျေးရွာ ဆရာတော် ဘဒ္ဒန္တမေဃိန္ဒနှင့် ပြည်သူများက ငွေကျပ် ၅၅ သိန်း ထည့်ဝင်လှူဒါန်းပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် EVD အောက်စက်တစ်လုံး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင် ၁၀၇ အုပ်နှင့် တမံကြီးကျေးရွာ ပြည်သူများက ဗီရို သုံးလုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင် သုံးလုံးနှင့် စာအုပ်စာစောင် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာ ၁ ရက်တွင် ဖောင်တော်ပြန်ကျောက်ချောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခရမ်းမြို့နယ် တမံကြီးကျေးရွာ သုတပဒေသာ စာကြည့်တိုက်ကို ခရမ်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလင်းနိုင်ဦးတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာ့နိုင်ငံရေး

မောင်စေတနာ (B.A, B.Ed)

မရှိတာထက် မသိတာခက်

နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲမှုတွေက အသံထက် မြန်သည်။ အခြေအနေဟောင်းမှ အခြေအနေသစ်၊ ရွက်ဟောင်းမှ ရွက်သစ်၊ ခေတ်ဟောင်းမှ ဒီမိုကရေစီခေတ်သစ်ကြီးဆီသို့. . .။ ယင်းသို့ ပြောင်းလဲမှုကြောင့် တိုးတက်ခြင်းဆိုသော မင်္ဂလာအပေါင်းသည် ကတ္တီပါ ဖိနပ်စီး၊ ရွှေထီးဆောင်း၍ မြန်မာ့လူ့ဘောင်အတွင်းသို့ ဝင်ရောက်လာသည်။ ခေတ်သစ်နှင့် ခေတ်ဟောင်းမှာ ကြောင်းကျိုးမကင်း၊ ခေတ်သစ်သည် ခေတ်ဟောင်းဝမ်းဗိုက်၌ သန္ဓေတည်၍ မွေးဖွားရလာသော်လည်း ခေတ်သစ်သည် ခေတ်ဟောင်းမဟုတ်။ အရောင်၊ ပုံသဏ္ဌာန်နှင့် အနှစ်သာရတို့မှာ ခေတ်ဟောင်းနှင့်မတူ နုပျိုသစ်လွင်သည့် ရုပ်သွင်ဖြစ်သည်။

ခေတ်ဟောင်းနှင့်ခေတ်သစ်

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ကိုလိုနီခေတ် (ကက်စဘီအစိုးရ)နှင့် လွတ်လပ်ရေးခေတ်တို့ကို ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလည်းကောင်း၊ တော်လှန်ရေးကောင်စီခေတ်နှင့် လမ်းစဉ်ပါတီခေတ်တို့ကို ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကလည်းကောင်း ခေတ်ဟောင်းနှင့် ခေတ်သစ်တို့၏ ခြားနားချက်ကို ခွဲခြားပြခဲ့သည်။ ၇-၁၂-၂၀၁၀ နေ့ ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကြီး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာချက်ကြောင့် မကြာသောကာလတွင် ယနေ့ခေတ်နှင့် ဒီမိုကရေစီ အစိုးရခေတ်တို့ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက လက်တွေ့ခွဲခြား ပြလာတော့မည်။

ရွေးကောက်ပွဲကော်မရှင်ကြေညာချက်

ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၁၄၃/၂၀၁၀ ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်သွင်းသော ရွေးကောက်ပွဲကြီး အောင်မြင်စွာပြီးဆုံးကြောင်း အစီရင်ခံစာတွင် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စအားလုံးကို ပြည့်စုံစွာဖော်ပြထားသည်။

ကော်မရှင်သည် ရွေးကောက်ပွဲကြီးကျင်းပပြီးစအချိန်တွင် သတင်းစာများမှတစ်ဆင့် အနိုင်/အရှုံးစာရင်းများကို ရရှိသော ဆန္ဒမဲအရေအတွက်နှင့်တကွ တိကျစွာဖော်ပြပြီး ထုတ်ပြန်ကြေညာပေးခဲ့သည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်အားလုံးသည် မိမိရရှိသော ဆန္ဒမဲအရေအတွက်နှင့် အခြေအနေအဖြေမှန်ကို သိရှိကြသဖြင့် ကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အပေါ် ကျေကျေနပ်နပ် လက်ခံခဲ့ကြသည်။ သို့ရာတွင် ပြည်တွင်း ပြည်ပ အဆိုးမြင်ဝါဒီများက ပြည်ပမီဒီယာများမှတစ်ဆင့် ရွေးကောက်ပွဲရလဒ်အပေါ် ယုံကြည်မှုလျော့ပါးစေရန် နည်းလမ်းစုံဖြင့် ဖွ၊ ဆွ၊ ချွန်တွန်းလုပ်ခဲ့ကြသည်။ ယင်းလုပ်ဆောင်ချက်များမှာ မိုးလုံးပြည့် မုသာဝါဒများဖြစ်ကြောင်း ကော်မရှင်နှင့် မဲဆန္ဒရှင်ပြည်သူ အားလုံးက သိနေကြသည်။

တိုင်းကျော် ပြည်ကျော် ကမ္ဘာကျော်

ဒီမိုကရေစီဆိုသည်မှာ မိမိ၏လွတ်လပ်ခွင့်ကို အသုံးပြုရာ၌ တစ်ပါးသူ၏ လွတ်လပ်ခွင့်ကို မထိခိုက်စေရပေ။ ထိခိုက်လျှင် ဒီမိုကရေစီမဟုတ်၊ မင်းမဲ့စရိုက်လက္ခဏာဖြစ်သည်ဟု ဆိုပါသည်။

ယခုအခါ ပျက်ပြယ်သွားပြီးဖြစ်သော ပါတီကြီးတစ်ပါတီသည် ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲဝင်သော ပါတီများနှင့် ပြည်သူလူထုဆန္ဒတူစွာဖြင့် ဆောင်ရွက်နေသော ရွေးကောက်ပွဲကြီးကို No Vote လှုပ်ရှားမှုဖြင့် ဆောင်ရွက်ခဲ့ရာ ထိုင်နေရင်အကောင်းသား ထသွားမှ ကျိုးမှန်းသိ ဆိုသကဲ့သို့ ဒီမိုကရေစီအဖွဲ့အစည်းဟု အမည်ခံပြီး ဒီမိုကရေစီမဆန်သော လုပ်ရပ်ဖြစ်ကြောင်း တိုင်းကျော်၊ ပြည်ကျော်၊ ကမ္ဘာကျော် ဖြစ်သွားခဲ့ရသည်။ ရွေးကောက်ပွဲလွန်ကာလ၌လည်း ရွေးကောက်ပွဲရလဒ်ကြီးတစ်ခုလုံး ပျက်စီးသွားစေရန် လူဆိုးတွေနဲ့ မောင်တိုင်ပင် လုပ်ခဲ့ပြန်သည်။ ယင်းအဖျက်သမားအားလုံးသည် ယခုအခါ ကော်မရှင်ကြေညာချက်ကြောင့် နိုင်ငံရေး ရှေ့ခရီးဆက်နိုင်ရေးအတွက် နိုင်ငံရေးရတက်မအေးဖြစ်ကုန်ကြသည်။ ၎င်းမှာ တည်ဆဲအစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် သိမ်မွေ့ညင်သာစွာ ဖြေရှင်းလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် လမ်းပြမြေပုံ အဆင့် (၆)နှင့် အဆင့်(၇) တက်လှမ်းရေးအတွက် နိုင်ငံရေးလမ်းကြောင်း ရှင်းသွားသည်။

နိုင်ငံရေးမီးစိမ်းပြခြင်း

ယခုအခါ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီ (၃၇)ပါတီရှိနေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းပါတီအားလုံးအတွက် ဘုံရပ်တည်ချက် (Common Ground) ဖြစ်၍ ဘုံနိုင်ငံရေး (Common Politic) မှာ အမျိုးသားနိုင်ငံရေး (National Politic) ဖြစ်သည်။ လက်ဝဲ/လက်ယာ နိုင်ငံရေးမဟုတ်ပေ။ အမျိုးသားနိုင်ငံရေးဆိုသည်မှာ အမျိုးသားအကျိုးစီးပွားနှင့် ပါတီ/ပုဂ္ဂိုလ်တို့ အကျိုးစီးပွားတို့ ယှဉ်လာလျှင် ပါတီ/ပုဂ္ဂိုလ် အကျိုးစီးပွားကို စွန့်လွှတ်အနစ်နာခံပြီး အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်မှာ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားခြင်းဖြစ်၍ ယင်းအပေါ်တွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကင်းစွာဖြင့် မြင်ဖို့လိုအပ်သည်။ ထို့ပြင် ကော်မရှင်၏ ကြေညာချက်မှာ ရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်၍ ကျန်ရှိနေသေးသော လမ်းပြမြေပုံအဆင့်များသို့ ဆက်လက်တက်လှမ်းတော့မည်ဖြစ်ကြောင်း နိုင်ငံရေးမီးစိမ်းပြလိုက်ခြင်းလည်း ဖြစ်သည်။

အပြုသဘောတုံ့ပြန်ချက်များ

ရွေးကောက်ပွဲပြီးစ ပူပူနွေးနွေးအချိန်ကာလတွင် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် အာဆီယံဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက “၂၀၁၀ နိုဝင်ဘာလ ၇ ရက်က ကျင်းပခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်အဖြစ် အာဆီယံက ကြိုဆိုလိုက်ပါသည်. . .။ လိုအပ်ပါက အာဆီယံပဋိညာဉ်နှင့်အညီ မြန်မာနိုင်ငံအား ထောက်ခံသွားရန် အာဆီယံအသင်းကြီးအနေဖြင့် အသင့်ရှိပါသည်” ဟု နိုဝင်ဘာလ ၈ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသွားခဲ့သည်။

တရုတ်နိုင်ငံကလည်း ဘန်ဒေါင်းမူ (၅)ချက်နှင့်အညီ အိမ်နီးချင်းကောင်းပီသစွာဖြင့် မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၇ ရက်က ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြိုဆိုပါကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ၉-၁၁-၂၀၁၀ (အင်္ဂါနေ့)တွင် ပြောကြားခဲ့သည်။

ကော်မရှင်ကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင်လည်း မျှော်လင့်ထားသည့်အတိုင်း ရွေးကောက်ပွဲပြီး မြန်မာ့နိုင်ငံရေး ရာသီဥတုကောင်းမွန်သာယာလာမှုကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများ၌ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်၊ အိန္ဒိယ၊ အာဆီယံ၊ တောင်အာရှနိုင်ငံများ၊ မြန်မာ့မိတ်ဆွေနိုင်ငံများအားလုံးက လာမည့်အစိုးရသစ်နှင့် လက်တွဲဆောင်ရွက်သွားရန် နည်းလမ်းကောင်းများကို ရှာဖွေကြံဆနေကြသည်။

အထက်ပါတို့မှာ ရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတစွာ၊ ချောမောအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အပြုသဘောဆောင်သော တုံ့ပြန်ချက်များဖြစ်သည်။

နိုင်သူနဲ့ ရှုံးသူ ရန်သူတွေမဟုတ်

ရွေးကောက်ပွဲကြီး အောင်မြင်ခဲ့ခြင်းမှာ အကျိုးတရားဖြစ်ပြီး ယင်း၏ အကြောင်းတရားအစစ်မှာ ရွေးကောက်ပွဲတွင် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခဲ့သူများ၏ စုပေါင်းလုပ်ဆောင်ချက်ဖြစ်သည်။ ပါဝင်သူများတွင် တည်ဆဲအစိုးရနှင့် ကော်မရှင်မှာ ကွင်းလယ်ဒိုင်နှင့် အရန်ဒိုင်လူကြီးများဖြစ်သည်။ အဓိက (Player) ပလေယာများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပါတီ/ပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင်ပြည်သူလူထုဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကြီး အောင်မြင်မှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအကျိုးကျေးဇူး အသီးအပွင့်များမှာ တစ်ဖွဲ့၊ တစ်ပါတီပိုင်ပစ္စည်း မဟုတ်ပေ။ နိုင်သူ/ရှုံးသူ ပါဝင်သူအားလုံးနှင့်ဆိုင်သော ပစ္စည်းဖြစ်သည်။

အနာဂတ်တွင် တပ်မတော်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ပြောင်းလဲသွားမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော မြေယာလုပ်ငန်းစဉ်၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ ဝန်ထမ်းနှင့်တပ်မတော်သားများအရေး စသည်တို့နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များကို ဒီမိုကရေစီအစိုးရသစ်က လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလာကြမည်။ ယင်းအခွင့်အရေးများအားလုံးကို တစ်ဦးမကျန် အားလုံး ခံစားခွင့်တွေရကြမည်။ ရှုံးသူနှင့် နိုင်သူအကြားတွင်လည်း အကျိုးစီးပွား ခွဲဝေခံစားခွင့် ခြားနားချက်မရှိ၊ သို့ဖြစ်၍ ရွေးကောက်ပွဲတွင် နိုင်သူနှင့် ရှုံးသူသည် ရန်သူတွေမဟုတ်၊ မိတ်ဆွေများပင် ဖြစ်ကြသည်။

ဝေဒနာကို ပညာနဲ့သိမ်းဆည်း

၁၉၆၀ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ (၉၉၁၅၂၁၆)ဦးရေ အနက်မှ (၅၂%)သာ မဲပေးခဲ့ကြသည်။ မဲပေးသူများအနက်မှ (၅၂%)က သန့်ရှင်း ဖဆပလ၊ (၃၁%)က တည်မြဲ ဖဆပလ၊ (၅%)က ပမညတ တို့ကို မဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင် သန့်ရှင်းက (၁၅၉)ဦး၊ တည်မြဲက (၄၂)ဦးနှင့် တစ်သီးပုဂ္ဂလအချို့ အမတ်အဖြစ် ရွေးချယ်ခံရသည်။ ယင်းရွေးကောက်ပွဲတွင် ပမညတသည် (၁၃၅)နေရာ ပါဝင်ယှဉ်ပြိုင်ပြီး ဆန္ဒမဲပေါင်း (၂၉၇၀၆၂)မဲ ရရှိခဲ့သော်လည်း အမတ်တစ်နေရာမျှမရခဲ့။ ပမညတသည် ၁၉၅၆ ရွေးကောက်ပွဲတွင် အမတ် (၄၆)နေရာ အနိုင်ရခဲ့သည်ဖြစ်ရာ အတက်အကျအပြောင်းအလဲမှာ သင်ခန်းစာယူဖွယ်ရာဖြစ်၏။

ထို့ကြောင့် ပြီးခဲ့သော ရွေးကောက်ပွဲတွင် အနိုင်/အရှုံးကို ပြည်သူလူထုက ကြောင်းကျိုးတရားနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ ငါ့ကြောင့်၊ သူ့ကြောင့် မဟုတ်ပေ။ ရှင်တော်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ အကြောင်းကောင်းလျှင် အကျိုးကောင်း၍၊ အကြောင်းဆိုးလျှင် အကျိုးဆိုးသည်။ တူသော အကျိုးရကြသည်။ ကြောင်းကျိုးတရားတွင် ငါ၊ သူ ကတ္တားကံပုဒ်မရှိ။ ရှိခဲ့လျှင် ဗုဒ္ဓအယူမဟုတ်။ ဂိုဏ်းဂဏနှင့် အာဃာတကို ဖြစ်ပေါ်စေသော မိစ္ဆာဒိဋ္ဌိအယူဖြစ်သည်။ ထို့ပြင် ကြောင်းကျိုးတရားမှာ ဘက်လိုက်ခြင်းကင်းသည်။ နိုင်သူကို ဖား၊ ရှုံးသူကို ဖိခြင်းလည်းမရှိ၊ အရှိကို အရှိအတိုင်း အဖြေပေးသည်။ ၎င်းမှာ ပကတိတရား (Reality) လည်းဖြစ်၍ အမှန်တရား (Relative Truth) လည်း ဖြစ်သည်။ ပကတိအရှိတရားကို ငြင်းပယ်လျှင် အမှန်တရားကို ကျောခိုင်းခြင်းမည်၏။ ထို့ကြောင့် ကြောင်းကျိုးတရား၊ အမျိုးသားအကျိုးစီးပွားတို့ကို အရှည်မျှော်ကြည့်ပြီး ဝေဒနာကို ပညာနဲ့ သိမ်းဆည်းကြရမည်။

လမ်းဘေးရောက်သော ဗလာဇာတ်

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကြီးကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဖြစ်သည်။ ပိုခြင်း၊ လိုခြင်း မရှိပေ။ အခင်းအကျင်းများကို နားလည်ရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို နားလည်ဖို့လို၏။ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပိုင်ဘဲ နိုင်ငံရေးလုပ်ကြမည်ဆိုလျှင် ဆင်ကန်းတောတိုး နိုင်ငံရေးသမားများသာ ဖြစ်ကြမည်။

ရွေးကောက်ပွဲကြီးက နိုင်ငံရေးသင်ခန်းစာပေါင်းများစွာကို ပေးခဲ့သည်။ နိုင်ငံရေးပြဿနာပေါင်းများစွာကိုလည်း နိုင်ငံရေးနည်းလမ်းဖြင့်

- ယနေ့အချိန်မှာ တည်ဆဲတပ်မတော်အစိုးရ အုပ်ချုပ်ရေးကာလဖြစ်။
- ဤကာလတွင် နိုင်ငံရေးပါတီများသည် ပြည်သူလူထုတွင်း ပြဿနာများကို အခြေအနေအရ မဆိုင်သလို နေခွင့်ရှိသော်လည်း အနာဂတ် ဒီမိုကရေစီအစိုးရခေတ်တွင် ယင်းပြဿနာများကို နှာစေးနေ၍ မရတော့။
- တာဝန်ကိုယ်စီ ရှိလာမည်ဖြစ်သဖြင့် မူဘောင်အတွင်းမှ ပြည်သူလူထုအတွင်းရှိ အခက်အခဲများကို လက်တွေ့ကိုင်တွယ် ဖြေရှင်းပေးသွားကြရမည်ဖြစ်။

A, B.Ed)

ပေ။ နိုင်သူ/ရှုံးသူ ပါဝင်

မိုကရေစီအုပ်ချုပ်ရေးသို့
သော မြေယာလုပ်ငန်းစဉ်၊
ိုင်းသားလူမျိုးများအရေး၊
န်ထမ်းနှင့်တပ်မတော်သား
ကို ဒီမိုကရေစီအစိုးရသစ်
းလာကြမည်။ ယင်းအခွင့်
င့်တွေ့ရကြမည်။ ရှုံးသူနှင့်
ခြားနားချက်မရှိ၊ သို့ဖြစ်၍
ူတွေမဟုတ်၊ မိတ်ဆွေ

ည်း

ရှိသူ (၉၉၁၅၂၀၆)ဦးရေ
များအနက်မှ (၅၂%)က
၅%)က ပမညတ တို့ကို
၁ (၁၅၉)ဦး၊ တည်မြဲက
ရွေးချယ်ခံရသည်။ ယင်း
ပါဝင်ယှဉ်ပြိုင်ပြီး ဆန္ဒမဲ
နေရာမျှမရခဲ့။ ပမညတ
၃ အနိုင်ရခဲ့သည်ဖြစ်ရာ
ယ်ရာဖြစ်၏။
အနိုင်/အရှုံးကို ပြည်သူ
သာဖြစ်သည်။ ငါ့ကြောင့်၊
မနှင့်အညီ အကြောင်း
အကျိုးဆိုးသည်။ တူသော
တ္တားကံပုဒ်မရှိ၊ ရှိခဲ့လျှင်
စ်ပေါ်စေသော မိစ္ဆာဒိဋ္ဌိ
က်လိုက်ခြင်းကင်းသည်။
အရှိအတိုင်း အဖြေပေး
၍ အမှန်တရား (Rela-
ကို ငြင်းပယ်လျှင် အမှန်
င်းကျိုးတရား၊ အမျိုးသား
ကို ပညာနဲ့ သိမ်းဆည်း

ဇာတ်

ဖွဲ့စည်းပုံအခြေခံဥပဒေ
န်နှင့် အနာဂတ် မြန်မာ့
ပဒေအတိုင်း ဖြစ်သည်။
းလည်ရန်မှာ ဖွဲ့စည်းပုံ
ခြေခံဥပဒေကို မပိုင်ဘဲ
နိုင်ငံရေးသမားများသာ

ပေါင်းများစွာကို ပေးခဲ့
နိုင်ငံရေးနည်းလမ်းဖြင့်

ာလဖြစ်။
း ပြဿနာ
အနာဂတ်
၍ မရတော့။
ည်သူလူထု
ေးသွားကြရ

အနာဂတ် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတွင် လွှတ်တော်သုံးရပ်လည်းရှိ။ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် NGO များသည်လည်း အလျားလိုက်၊ ဒေါင်လိုက်၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်တိုင်းတွင် ရှိနေ။ အလျားလိုက်၊ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်းစနစ်များလည်း ရှိနေ။ ယင်းအခြေအနေအောက်၌ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ်များတွင် ဥပဒေချိုးဖောက်လိုသူများအတွက် ပုန်းခိုစရာ မရှိနိုင်တော့။ ဤသည်မှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှန်ကန်မှုကြောင့် ဖြစ်ပေါ်လာသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၏ ရုပ်ပုံလွှာနှင့် အကျိုးသက်ရောက်မှုများဖြစ်။

လက်တွေ့ဖြေရှင်းပြခဲ့သည်။ ရွေးကောက်ပွဲမဝင်သော ယခင်နိုင်ငံရေးပါတီအချို့အား တရားဝင်နိုင်ငံရေးပါတီများအဖြစ်မှ ကြေညာချက်အမှတ် ၉၇/၂၀၁၀ အပိုဒ် (၃)ဖြင့် ပယ်ဖျက်ခဲ့သည်။ ရွေးကောက်ပွဲဝင်ခဲ့သော (၃၇)ပါတီတို့အား ပါဝင်ယှဉ်ပြိုင်ခွင့်နှင့်အတူ သင့်လျော်သောနေရာများပေးပြီး တရားဝင်နိုင်ငံရေးပါတီများဖြစ်စေခဲ့သည်။ ဤနည်းဖြင့် ရွေးကောက်ပွဲဝင်ခဲ့သော ပါတီအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေစည်းဝိုင်းအတွင်းသို့ ရောက်စေခဲ့သည်။ ရွေးကောက်ပွဲမဝင်သော ပါတီများမှာ ယင်းအခွင့်အရေးများ ဆုံးရှုံးရသည်။ ရွေးကောက်ပွဲဝင်ခဲ့သော NDF ပါတီမှာ လွှတ်တော်တွင်းရောက် တရားဝင်ပါတီဖြစ်ပြီး ရုံသွင်းဇာတ်အဆင့် ရောက်သွားသည်။ ရွေးကောက်ပွဲမဝင်သော ပါတီကြီးမှာ ထီးတင်ပွဲလည်းမမီ၊ ဘကြီးနဲ့လည်း မတွေ့၊ ငုတ်တုတ်မေ့ပြီး လမ်းဘေးရောက်သော ဗလာဇာတ်ဖြစ်ခဲ့ရသည်။ ၎င်းမှာ တူသောအကျိုးရခြင်းဖြစ်၍ ဘယ်သူမပြုမိမိမှုပင်။ ယခုကျမှ ယင်းကိစ္စအတွက် ပိန္နဲပင်ကို မထိသင့်ပေ။ ယခုအခါ ၎င်းပါတီပျက်မှာ ပါတီလည်းမမည်၊ NGO လည်း မဟုတ် ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဖြစ်နေသည်။

အပြန်အလှန်ထိန်းညှိခြင်းစနစ်

တရားဝင်နိုင်ငံရေးပါတီများမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ခွင့်များရကြသည်။ နိုင်သောပါတီမှာ တာဝန်ပို၍ ရှုံးသောပါတီမှာ တာဝန်ပေ့ါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌မူ တာဝန်တူညီစွာရှိကြသည်။ ယင်းတာဝန်ကိုထမ်းဆောင်ရာ၌ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု မှန်ကန်သောကြောင့် နိုင်ငံရေးပါတီအချင်းချင်းအကြား၌လည်းကောင်း၊ အစိုးရနှင့် နိုင်ငံရေးပါတီများအကြား၌ လည်းကောင်း အလုပ်တူ ပူးပေါင်းဆောင်ရွက်ရေးနှင့်အတူ အပြန်အလှန် ထိန်းညှိခြင်းစနစ် (Check and Balance)များ ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်များအတွင်း၌ ညွန့်ပေါင်းအစိုးရနှင့် ညွန့်ပေါင်းအတိုက်အခံဟူ၍ လည်းကောင်း၊ လွှတ်တော်ပြင်ပ၌လည်း ညွန့်ပေါင်းနှင့် အတိုက်အခံဟူ၍ လည်းကောင်း ဖွဲ့စည်းရန်လည်း မလိုအပ်တော့ပေ။ ယင်းအခြေအနေသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အရေးပါသည့် ရှေ့ပြေးနိုင်ငံရေးရုပ်လက္ခဏာပင် ဖြစ်သည်။

ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်း

ယနေ့အချိန်မှာ တည်ဆဲတပ်မတော်အစိုးရ အုပ်ချုပ်ရေးကာလဖြစ်သည်။ ဤကာလတွင် နိုင်ငံရေးပါတီများသည် ပြည်သူလူထုတွင်း ပြဿနာများကို အခြေအနေအရ မဆိုင်သလို နေခွင့်ရှိသော်လည်း အနာဂတ်ဒီမိုကရေစီအစိုးရခေတ်တွင် ယင်းပြဿနာများကို နှာစေးနေ၍ မရတော့ပေ။ တာဝန်ကိုယ်စီရှိလာမည်ဖြစ်သဖြင့် မူဘောင်အတွင်းမှ ပြည်သူလူထုအတွင်းရှိ အခက်အခဲများကို လက်တွေ့ ကိုင်တွယ်ဖြေရှင်းပေးသွားကြရမည်ဖြစ်သည်။

အနာဂတ် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတွင် လွှတ်တော်သုံးရပ်လည်း ရှိသည်။ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် NGO များသည်လည်း အလျားလိုက်၊ ဒေါင်လိုက်၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်တိုင်းတွင် ရှိနေသည်။ အလျားလိုက်၊ ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်းစနစ်များလည်း ရှိနေ၏။ ယင်းအခြေအနေအောက်၌ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ်များတွင် ဥပဒေချိုးဖောက်လိုသူများအတွက် ပုန်းခိုစရာ မရှိနိုင်တော့ပေ။ ဤသည်မှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှန်ကန်မှုကြောင့် ဖြစ်ပေါ်လာသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၏ ရုပ်ပုံလွှာနှင့် အကျိုးသက်ရောက်မှုများဖြစ်သည်။

တုံးအောက်ကဖား ဖြစ်စရာမလို

ပြီးခဲ့သောရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီကြီးတစ်ခုက ကိုယ်စားလှယ်ဦးရေ များစွာဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းကိစ္စအပေါ် လက်ဝဲ၊ လက်ယာနိုင်ငံရေးသူငယ်နာမစင်သူအချို့က **"စစ်အာဏာရှင်စနစ်မှ တစ်ပါတီအာဏာရှင်စနစ် ပြန်ရောက်သွားပြီ၊ ပြည်သူလူထုအားလုံး တုံးအောက်ကဖားဘဝ ရောက်ကြရတော့မည်"**ဟု တွေးထင်နေကြသည်။

မြန်မာနိုင်ငံတွင် ဖဆပလခေတ် ပါတီစုံစနစ်နှင့် ယနေ့မြန်မာနိုင်ငံ၏ ပါတီစုံစနစ်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးစနစ်ချင်း မတူကြသောကြောင့် သံတူကြောင်းကွဲဖြစ်သည်။

ဖဆပလခေတ် ပါတီစုံစနစ်မှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ယာနိုင်ငံရေးစနစ်တို့ကြောင့် လက်ယာပါတီစုံစနစ် (Liberal Multi Party System) ဖြစ်သည်။ အာဏာ(၃)ရပ်ကို ပုဒ်မ-၅၆၊ ၉၀၊ ၁၄၀ တို့နှင့်အညီ တစ်စုတစ်ပေါင်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်းဖြစ်စေရန် ခွဲဝေအပ်နှင်းထားသည်။ ထို့ကြောင့် ရွေးကောက်ပွဲအနိုင်ရသော ဖဆပလမှာ အာဏာရပါတီ၊ ပမညတမှာ အတိုက်အခံပါတီဖြစ်ရသည်။ ယင်းအခြေအနေကြောင့် အတိုက်အခံနှင့် ပြည်သူလူထုတစ်ရပ်လုံးမှာ အာဏာရ ဖဆပလပါတီ၏ တုံးအောက်ကဖားဘဝ ရောက်ခဲ့ကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးမှုနည်းလမ်း မှားခဲ့သောကြောင့်ဖြစ်၏။

ကျင်းပပြီးစီးခဲ့သော ပါတီစုံစနစ်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားနိုင်ငံရေးစနစ်တို့ကြောင့် အမျိုးသားပါတီစုံစနစ် (National Multi Party System) ဖြစ်သည်။ ၎င်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၃၊ ၄၊ ၅၊ ၆ တွင် အာဏာ(၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်း မဖြစ်စေရန် နည်းလမ်းမှန်ကန်စွာဖြင့် ခွဲဝေအပ်နှင်းထားသည်။ သို့ဖြစ်၍ အာဏာရပါတီလည်း မရှိ၊ အတိုက်အခံပါတီလည်း မရှိတော့ပေ။ အုပ်ချုပ်ရေးအာဏာကို ပုဒ်မ-၆၀ ပါ ပြဋ္ဌာန်းချက်ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတထံတွင် အခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွဲဝေအပ်နှင်းထားသည်။ ဥပဒေပြုရေးအာဏာကို အခန်း (၄)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံတွင် ခွဲဝေအပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာမှာ အခန်း (၆)ပါ ပြဋ္ဌာန်းချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ခွဲဝေအပ်နှင်းထားသည်။ ဤနည်းဖြင့် အာဏာ(၃)ရပ်ကို အပြန်အလှန်ထိန်းညှိထားပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်ဦးရေများစွာဖြင့် အနိုင်ရရှိခဲ့သော ပါတီကြီးသည် ဖဆပလခေတ်လိုမျိုး အာဏာရပါတီကြီး ဖြစ်ခွင့်မရှိပေ။ သို့ဖြစ်၍ ယင်းပါတီ၏ တုံးအောက်ကဖားဘဝ ရောက်စရာအကြောင်းမရှိ။ ဤသို့ဖြစ်ရခြင်းမှာ လက်ဝဲ၊ လက်ယာ အစွန်းတရားနှစ်ပါးမှ ကင်းလွတ်သော ပုဒ်မ-၃၇ ပါ ပိုင်ဆိုင်ခွင့်များ၊ ပုဒ်မ-၃၅/၃၆ပါ ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားနိုင်ငံရေးတို့နှင့်အညီ အာဏာ (၃)ရပ် ခွဲဝေကျင့်သုံးမှု နည်းလမ်းမှန်ကန်သောကြောင့် ဖြစ်၏။

အမျိုးသားရေးဦးတည်ချက်များ

ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်မှာ ရွေးကောက်ပွဲရလဒ်ကြီးတစ်ခုလုံး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေသူများ၏ လုပ်ရပ်များကို နိုင်ငံရေးနည်းလမ်းဖြင့် ကာကွယ်လိုက်ခြင်း ဖြစ်သည်။ တစ်ဆက်တည်းပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပေါင်းစပ်ပြီး လမ်းပြမြေပုံအတိုင်း ရှေ့ဆက်ဆောင်ရွက်သွားရန် နိုင်ငံရေးလမ်းခင်းပေးခဲ့သည်။ ဤနည်းဖြင့် ၂၁ ရာစု ပင်လုံညီလာခံခေါ်ရေး နိုင်ငံရေးလုပ်ဇာတ်ကို အဝိကတ်ပြုပြီး တစ်ခန်းရပ်စေခဲ့သည်။ ထို့ကြောင့် တည်ဆဲတပ်မတော်အစိုးရသည် (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်တွင် **"မူဝါဒ လမ်းစဉ် (၇)ရပ် အောင်မြင်ရေး"**ဟူ၍ လည်းကောင်း၊ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်တွင် **"ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး"**ဟူ၍လည်းကောင်း အမျိုးသားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

၂၁-ရာစု ဒီမိုကရေစီသမ္မတနိုင်ငံတော်

သင်္ချာနယ်တွင် ဘယ်အရာမဆို အကြောင်းရှိလျှင် အကျိုးရှိသည်။ အကျိုးရှိလျှင်လည်း အကြောင်းရှိနေသည်။ အကြောင်းမရှိသော အကျိုးတရား၊ အကျိုးမပါသော အကြောင်းတရားဟူ၍ မရှိပေ။ မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ် သုံးမျိုးနှင့်အတူ ရွေးကောက်ပွဲစနစ် သုံးမျိုးရှိခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲများမှ ထွက်ပေါ်လာသော နိုင်ငံရေးအကျိုးတရားဖြစ်သည့် အခင်းအကျင်းများမှာ ပုံစံတူမဟုတ်ကြပေ။

ဖဆပလခေတ် လက်ယာပါတီစုံရွေးကောက်ပွဲမှ လက်ယာဒီမိုကရေစီ (Liberal Democracy)၊ လက်ယာအစိုးရ (Liberal Government)နှင့် လက်ယာဒီမိုကရေစီသမ္မတနိုင်ငံတော် (Liberal Democratic Republic) ဖြစ်ပေါ်လာသည်။ ၎င်းတို့ကို ပါလီမန်ဒီမိုကရေစီ၊ ပါလီမန်ဒီမိုကရေစီအစိုးရ၊ ပါလီမန်ဒီမိုကရေစီ သမ္မတနိုင်ငံတော်ဟုလည်း ခေါ်ကြသည်။

လမ်းစဉ်ပါတီခေတ် တစ်ပါတီစနစ်ရွေးကောက်ပွဲမှ လက်ဝဲဒီမိုကရေစီ (Socialist Democracy)၊ လက်ဝဲအစိုးရ (Socialist Government)နှင့် လက်ဝဲဒီမိုကရေစီသမ္မတနိုင်ငံတော် (Socialist Democratic Republic) တို့ ပေါ်ထွက်လာခဲ့သည်။

အမျိုးသားပါတီစုံစနစ်ရွေးကောက်ပွဲမှ အမျိုးသားရေးဒီမိုကရေစီ (National Democracy)၊ အမျိုးသားအစိုးရ (National Government) နှင့် အမျိုးသားဒီမိုကရေစီ သမ္မတနိုင်ငံတော် (National Democratic Republic)တို့ ဖြစ်ပေါ်လာမည်ဖြစ်၏။ ဤတွင် အမျိုးသားရေးဒီမိုကရေစီမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ အမျိုးသားအစိုးရမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ၊ အမျိုးသားဒီမိုကရေစီသမ္မတနိုင်ငံတော်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီသမ္မတနိုင်ငံတော် ဖြစ်ပါသည်။ ယင်းသမ္မတနိုင်ငံတော်မှာ လက်ဝဲ/လက်ယာအစွန်းနှစ်ပါးမှ ကင်းလွတ်သော ၂၁-ရာစု ဒီမိုကရေစီသမ္မတနိုင်ငံတော် အမျိုးအစားသစ် ဖြစ်သည်။ ဤကဲ့သို့ အပေါ်ထပ်အဆောက်အအုံတွင် နိုင်ငံရေးအခင်းအကျင်းသစ်များ ဖြစ်ပေါ်ရခြင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်ထပ်အဆောက်အအုံတွင် ပါရှိသော လက်ဝဲ/လက်ယာ အစွန်းနှစ်ပါးမှ ကင်းလွတ်သည့် ပုဒ်မ-၃၇ ပါ ပြဋ္ဌာန်းချက်များ၊ ပုဒ်မ-၃၅/၃၆ ပါ ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားနိုင်ငံရေးတို့ကြောင့် ဖြစ်သည်။

အထက်ပါတို့မှာ ရွေးကောက်ပွဲကြီး အောင်မြင်ချောမောစွာ ပြီးဆုံးခဲ့မှုကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာ့နိုင်ငံရေး အခြေအနေများ ဖြစ်၏။

စစ်မှန်သော ဒီမိုကရေစီအရိပ်အာဝါသ

ဒီမိုကရေစီတွင် အတုအယောင်ဒီမိုကရေစီနှင့် စစ်မှန်သောဒီမိုကရေစီဟူ၍ ရှိသည်။ အတုနှင့်အစစ်ကို မြေယာလုပ်ငန်းစဉ်၊ အာဏာ (၃)ရပ် ခွဲဝေကျင့်သုံးနိုင်မှုတို့ဖြင့် ခွဲခြားသိနိုင်သည်။

အာဏာ (၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်းဖြစ်စေသော ခွဲဝေကျင့်သုံးမှုသည် တစ်ဖွဲ့တစ်ပါတီ အကျိုးစီးပွားကိုသာ ဖြစ်စေ၍ ကျန်သော ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်စေသဖြင့် ဖိနှိပ်ရေးကိရိယာနှင့် ဖိနှိပ်ရေးအစိုးရဖြစ်လာသည်။ ဖိနှိပ်ရေးအစိုးရမှာ အာဏာရှင်အစိုးရဖြစ်၏။

အာဏာ (၃)ရပ်ကို တပေါင်းတစည်းတည်း၊ တစ်ဖွဲ့တစ်ပါတီပိုင်ပစ္စည်း မဖြစ်စေရန် ခွဲဝေကျင့်သုံးမှုမှာ ပြည်သူလူထုအကျိုးစီးပွားကို ဖြစ်စေသဖြင့် ထိန်းကျောင်းရေးကိရိယာနှင့် ထိန်းကျောင်းရေးအစိုးရဖြစ်သည်။ ထိန်းကျောင်းရေးအစိုးရမှာ ဒီမိုကရေစီအစိုးရ အစစ်အမှန်ဖြစ်၏။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၇ ပါ ပိုင်ဆိုင်ခွင့်ပြဋ္ဌာန်းချက်များသည်လည်း အာဏာ (၃)ရပ်ကို ထိန်းကျောင်းရေးကိရိယာအဖြစ် ခွဲဝေကျင့်သုံးထားသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးစနစ်အမျိုးမျိုးတို့ကြောင့် အာဏာ (၃)ရပ်ကို မှားယွင်းစွာ ခွဲဝေကျင့်သုံးခဲ့ကြသဖြင့် မြန်မာပြည်သူတို့သည် ဖိနှိပ်ရေးကိရိယာဖြစ်ခဲ့ကြသော အစိုးရများအောက်၌သာ ဘဝရှင်သန်ခဲ့ကြရသည်။ တစ်ကြိမ်တစ်ခါဖူးမျှ ထိန်းကျောင်းရေးကိရိယာဖြစ်သော အစိုးရအောက်တွင် နေခွင့်မရခဲ့ကြပေ။ မကြာသောကာလတွင် ထိန်းကျောင်းရေးကိရိယာဖြစ်သော အစိုးရအုပ်ချုပ်မှုအောက်သို့ ရောက်ရှိကြတော့မည်ဖြစ်၏။ ယင်းသို့ ရောက်ရှိမှုသည် မြန်မာနှင့်ကမ္ဘာ့ပြည်သူတို့ နှစ်ရာစုပေါင်းများစွာ မျှော်လင့်တောင့်တခဲ့သော လက်ဝဲ/လက်ယာ အစွန်းနှစ်ပါးမှ ကင်းလွတ်သည့် စစ်မှန်သော ဒီမိုကရေစီ၊ စစ်မှန်သော ဒီမိုကရေစီအစိုးရ၊ စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေး အရိပ်အာဝါသအောက်သို့ အမှန်တကယ် ရောက်ရှိကြခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

နန်ချိုရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ်
တိုးလျှိုပေါက်ဖောက်လုပ်မှုလုပ်ငန်း အောင်မြင်ပြီးစီးခြင်းအခမ်းအနား ကျင်းပ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်၌ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ် တိုးလျှိုပေါက် ဖောက်လုပ်မှုလုပ်ငန်း အောင်မြင်ပြီးစီးခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါစီမံကိန်းလုပ်ငန်းခွင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စီမံကိန်းမှ ဝန်ထမ်းများနှင့် ဒေသခံကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက နန်ချိုရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ၌ နန်ချို ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ Kansai Electric Power Co., Ltd. နှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများ ကွင်းဆင်းလေ့လာခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် လုပ်ငန်းများ စတင်ခဲ့ကြောင်း၊ အဓိကစီမံကိန်းလုပ်ငန်း ကိုးခုရှိသည့်အနက် ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်း လုပ်ငန်းသည်လည်း အဓိကကျသည့် ရေအားအဆောက်အအုံလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထိုရေသွယ်ဥမင်လိုဏ်လုပ်ငန်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ရာ အချင်း ၁၅ ပေ ခြောက်လက်မ၊ အလျားပေ ၂၅၀၀ ၌ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း အပိုင်း(၁)ကို ၂၀၀၇ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် မေ ၅ ရက်တွင် ဖောက်လုပ်ပြီးစီးကာ ကွန်ကရစ်လိုင်နင်သွန်းလောင်းခြင်းလုပ်ငန်းကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၉ ရက်တွင် စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ပြီးစီးခဲ့ကြောင်း၊ အချင်း ၁၅ ပေ ၆ လက်မ၊ အလျား ပေ ၅၀၀၀ ရှိ ယခုရေသွယ်ဥမင်လိုဏ် အပိုင်း (၂)၏ ဥမင်လိုဏ်အဝင်ပိုင်းကို ၂၀၀၈ ခုနှစ် မတ် ၁၉ ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ အလျား ၂၂၅၄ ပေကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဖောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရေသွယ်ဥမင်လိုဏ်အပိုင်း (၂)၏ ဥမင်လိုဏ်အထွက်ပိုင်း အလျား ၂၇၄၆ ပေကို ၂၀၀၈ ခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဥမင်လိုဏ်အဝင်ပိုင်းဘက်သို့ တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရေလွှဲဥမင်လိုဏ်၏ အလျား စုစုပေါင်းမှာ ပေ ၇၅၀၀ ဖြစ်ကြောင်းနှင့် အဆိုပါ နန်ချိုရေအားလျှပ်စစ်စီမံကိန်းတစ်ခုလုံး ပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ နှစ်စဉ်ဓာတ်အား ၁၅၂ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရေသွယ်ဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး စီမံကိန်းရှိ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်မြင်စွာ ဖောက်လုပ်ပြီးစီးခဲ့သည့် ရေသွယ်ဥမင်လိုဏ်၏ ဥမင်လိုဏ်တူးဖော်ပြီးစီးမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ရေသွယ်ဥမင်လိုဏ် အပိုင်း(၂)၏ ဥမင်လိုဏ်အဝင်ပိုင်းနှင့် အထွက်ပိုင်းဥမင်လိုဏ် တိုးလျှိုပေါက် ဖောက်လုပ်အောင်မြင်သည့်နေရာ (Break through Point) တွင် ဥမင်လိုဏ်ဖောက်လုပ်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော အင်ဂျင်နီယာ ဝန်ထမ်းများအား ဝန်ကြီး ဦးဇော်မင်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရေသွယ်ဥမင်လိုဏ် အပိုင်း(၁)နှင့် အပိုင်း(၂) ဆက်သွယ်ရန်အတွက် ရေတံလျှောက် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး P1 နှင့် P2တိုင်များ ကွန်ကရစ်သွန်းလောင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရေသွယ်ဥမင်လိုဏ် အပိုင်း(၁)တွင် ကွန်ကရစ်လိုင်း သွန်းလောင်းပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ပင်မတမံ တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပင်မတမံ ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် ကျန်ရှိမှု အခြေအနေများကို လည်းကောင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးကောင်းဟန်က နန်ချိုရေအား လျှပ်စစ်စီမံကိန်း၏ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပွင့်လင်းရာသီတွင် လုပ်ငန်းများ အချိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်သုံး ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ
သုတေသနညီလာခံ (၂၀၁၀) ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၀)ကို ဇန်နဝါရီ ၁၀ ရက်(တနင်္လာနေ့)မှ ဇန်နဝါရီ ၁၄ ရက် (သောကြာနေ့) အထိ ငါးရက်တိုင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းညီလာခံတွင် သုတေသနစာတမ်းပေါင်း ၉၄ စောင်နှင့် ပိုစတာ ၂၀ တို့ကို ဖတ်ကြားတင်သွင်း ပြသမည်ဖြစ်သည်။

ထို့အပြင် ဆေးပညာသင်ကြားမှု လက်ရှိအခြေအနေ၊ ဆေးဝါးအာနိသင် အန္တရာယ်ကင်းရှင်းမှု၊ ကျောက်ကပ်ရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ HIV၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါဆိုင်ရာ သိကောင်းစရာများ၊ ပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ကျန်းမာရေးအပေါ် သက်ရောက်မှု၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု၊ ယနေ့ ဂျပန်နိုင်ငံ အဆင့်မြင့်ဆေးပညာ၊ ခွဲစိတ်ပညာ၊ ရောဂါရှာဖွေခြင်းနည်းပညာ အစရှိသည့် ကျန်းမာရေး ဆွေးနွေးပွဲများကို တစ်ပါတည်း ကျင်းပမည်ဖြစ်သည်။ ဆေးနှင့်ဆေးပစ္စည်း ရောင်းဝယ်ရေး၊ ဓာတ်ခွဲခန်းသုံး စက်ကိရိယာပစ္စည်းများနှင့် ဓာတုပစ္စည်း ရောင်းဝယ်ရေး ကုမ္ပဏီများကလည်း ပြခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်သည်။ ညီလာခံတွင် သုတေသနစာတမ်းဖတ်ပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Santini မှ ဟိုတယ်သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

Santini International Training Academy က နိုင်ငံတကာ အဆင့်မီဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများအား သင်ကြားပေးလျက်ရှိသည်။

၎င်းသင်တန်းကျောင်းသည် Front Office Operation, Food & Beverage Operation နှင့် Housekeeping Operation သင်တန်းများကို အခြေခံ ကာလတိုသင်တန်းများအပြင် Management Level အဆင့်အထိ သင်ကြားပေးပြီး သင်တန်းအားလုံးမှာ AH & LA မှ တိုက်ရိုက်ချီးမြှင့်သည့် လက်မှတ်များ ရရှိမည်ဖြစ်သည်။ TRAC (Hospitality Short Courses) များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင် ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး သင်တန်းပြီးဆုံးလျှင် နိုင်ငံတကာအဆင့်မီ ဟိုတယ်များသို့ အလုပ်သင်လုပ်ငန်းခွင် (On job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် စာတွေ့ လက်တွေ့ ကျွမ်းကျင်နိုင်ပြီး အာမခံချက်ပြည့်ဝသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိမည်ဖြစ်သည်။ Management Level သင်တန်းများမှာ အတွေ့အကြုံ တစ်နှစ်နှင့်အထက်ရှိသူများ(သို့) TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရှိပြီးသူများ တက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့်သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။ လုပ်ငန်းခွင် ဝင်ရောက်နေသူများ အနေနှင့်လည်း ရုံးချိန်ပြင်ပ သင်တန်းများအား ဖွင့်လှစ်ပေးထားပြီး ထိရောက်သော စနစ်များဖြင့် သင်ကြားပေးသည်။

Diploma သင်တန်းများ အနေနှင့် အင်္ဂလန်နိုင်ငံ City & Guilds အသိအမှတ်ပြု ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို ဖေဖော်ဝါရီလကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ၎င်းသင်တန်းများအတွက် လူဦးရေ ကန့်သတ်ထားသည်။ ကျောင်းအပ်ရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးဧရာဟိုတယ် ပထမထပ် (အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၃၇၃၉ နှင့် ၃၈၃၇၄၀ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အိုင်အိုဒင်းဆား ရောင်းချမှု ကွင်းဆင်းစစ်ဆေး

မောက်မယ် ဇန်နဝါရီ ၅

မောက်မယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု အခြေအနေများကို မောက်မယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်ဝန်ထမ်းများ ပူးပေါင်းအဖွဲ့မှ ဒီဇင်ဘာ ၂၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် အမက(၂၀) ကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းနေမှုကို အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျွန်းတောမြို့ပတ်လမ်း ကျောက်စီခင်းနေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်ကံနှင့် အဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းကိုကိုတို့ ကြီးကြပ်စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံး၊ ငွေရင်း (မြို့ပြ-လမ်း) လုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသော ရွှေစေတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကောင်းမွန်ခြင်း ရှိ မရှိကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် (Myanmar Equestrian Federation) က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီး အားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ရန်ကုန်မြင်းစီးအသင်း၌ ကျင်းပသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Show Jumping (Team) ပြိုင်ပွဲတွင် သိန်းဝင်း (မြင်း-စိန်မေအောင်)၊ သန်းလှိုင် (မြင်း-စိန်ဆန်းဆင့်)နှင့် သက်နိုင်အောင် (မြင်း-စိန်စီ)တို့ ပါဝင်ကြသော M.R.C Team က ပထမ၊ စန်းယုဝင်း (Y.E.C.C- မြင်း-မြနှင်းဆီ)၊ ယုယုလှိုင် (Gold Roast -မြင်း-မန္တလာသူ)၊ အငယ်လေး (Gold Roast- မြင်း-Burma Queen)တို့ ပါဝင်ကြသော Team နှင့် ဘခန့် (Y.E.C.C-မြင်း-Peace)၊ ဇော်ဝေ (Y.K.K.O-မြင်း-Breen)၊ သက်နိုင် (Y.C.D.C-မြင်း-အိမ)တို့ ပါဝင်ကြသော Team တို့က ပူးတွဲဒုတိယရရှိသွားသည်။

Show Jumping Individual ပွဲတွင် အငယ်လေး (Gold Roast-မြင်း-မန္တလာသူ)က ပထမ၊ ဇင်မင်းဦး (Y.K.K.O-မြင်း- ပုဂံမင်းသမီး)က ဒုတိယနှင့် ဘခန့် (Y.E.C.C-မြင်း-Peace)က တတိယ ရရှိသွားသည်။

ဒုန်းအကြီးတန်းပြိုင်ပွဲတွင် အောင်သူထွန်း (M.R.C-မြင်း- စိန်ဆင့်)က ပထမ၊ သိန်းဝင်း (M.R.C-မြင်း-စိန်မြတ်မြတ်)က ဒုတိယနှင့် သန်းလှိုင် (M.R.C-မြင်း-စိန်မိမိ)က တတိယ ရရှိသွားသည်။

ဒုန်းအငယ်တန်းပြိုင်ပွဲတွင် စောမောင် (M.R.C-မြင်း- စိန်ဝင်းမောင်)က ပထမ၊ သက်နိုင်အောင် (M.R.C-မြင်း-စိန် မမ)က ဒုတိယနှင့် အငယ်လေး (Gold Roast-မြင်း-ထီလာသူ)က တတိယ ရရှိသွားသည်။

Barebaek ပြိုင်ပွဲတွင် ကြည်ဝင်း (ခရမ်း-Gold Roast- မြင်း-မြန်မာပြည်သား) က ပထမ၊ မျိုးမြင့်လေး (မြင်း-ရွှေမင်း သား-သာကေတ)က ဒုတိယနှင့် တင်ထွန်း (Y.C.D.C-မြင်း-စိန် မေနီ)က တတိယ ရရှိသွားသည်။

Cross Country ပြိုင်ပွဲတွင် နေလင်း (Gold Roast-မြင်း- စွန့်စားမယ်) က ပထမ၊ အငယ်လေး (Gold Roast-မြင်း- Burma Queen)က ဒုတိယနှင့် ဇင်မင်းဦး (Y.K.K.O-မြင်း- ထိပ်ကွက်)က တတိယ ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုကို အငယ်လေး (Gold Roast-မြင်း-မန္တလာသူ)က ဆွတ်ခူးသွား သည်။

ဆုများကို မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ အာဆီယံမြင်းစီးအားကစား အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘောဇဘောလုံးအသင်းမှ ဦးလှဝင်း ပထမဆုရ ကျောက်တလုံးကြီးအသင်းအား ငွေသားဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၁၀-၂၀၁၁ ခုနှစ် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား အကြီးတန်း ဘောလုံးပြိုင်ပွဲနှင့် ကျောက်တလုံးကြီး ဒေသ ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ ကျောက်တလုံး ကြီးမြို့ရှိ နောင်ကားကျေးရွာ ဘောလုံး ကွင်း၌ ကျင်းပသည်။

ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လု ပွဲတွင် ဒဂုံဘီယာအသင်းက ဝမ်းဟဲင်း အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမဆုရရှိသွားသော ဒဂုံဘီယာအသင်း အား ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေ၊ ဒုတိယဆုရ ဝမ်းဟဲင်းအသင်း အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ငွေများနှင့် နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများကို လည်းကောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ် ချီးမြှင့်သည်။ အကြီးတန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်တလုံးကြီးအသင်း က သထုံပေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲကို လာရောက် တာဝန်ထမ်းဆောင်ကြသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ နေရာ အလိုက် အကောင်းဆုံးဆုရရှိသူများ၊ ဒုတိယဆုရ သထုံပေး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီ တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ချီးမြှင့် ကြသည်။ ယင်းနောက်ပထမဆုရကျောက် တလုံးကြီးအသင်းအား တစ်ဦးချင်း ဆု တံဆိပ်ကို ဦးခွန်ဝင်းကိုက လည်းကောင်း၊ ဆုကြေးငွေကို ကမ္ဘောဇဘောလုံးအသင်း မှ ဦးလှဝင်းက လည်းကောင်း၊ ဆုဖလား ကို ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်ကလည်းကောင်း ပေးအပ် ချီးမြှင့်ကြသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ပြီး ကျေးရွာ ပေါင်းစုံပြိုင်ပွဲ၌ အသင်း ၄၀ ၊ အကြီးတန်း ဘောလုံးပြိုင်ပွဲ၌ ၁၁ သင်းပါဝင်ယှဉ်ပြိုင် ခဲ့ကြသည်။ မြန်မာ့ဘောလုံး တိုးတက်ရေး ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရေး၊ မျိုးဆက်သစ် ဘောလုံးသမား များ ထွက်ပေါ်လာရေးအတွက် ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး ဒေသခံပရိသတ်များ ကွင်းလုံးပြည့် အားပေးခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

စိန်ဂွန်းကျောင်းသားဟောင်းများ မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

စိန်ဂွန်းကျောင်းသားများ၏ (၁၁၃) ကြိမ်မြောက် မိသားစု နှစ်ပတ်လည်မိတ်ဆုံ စားပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ပန်းဆိုးတန်း ကမ်းနားရှိ နန်းသီတာရွှေဘဲစားတော်ဆက်၌ ကျင်းပ မည်ဖြစ်ရာ ကျောင်းသားဟောင်းများနှင့် မိသားစုများပါ မပျက်မကွက် တက်ရောက် ကြပါရန်နှင့် မိတ်ဆုံစားပွဲ လက်မှတ်များ ကို စိန်ဂွန်းကျောင်းသားဟောင်းများ အသင်း ဦးသန်းညွန့်လွင် ဖုန်း-၀၁-၇၃၁ ၅၀၄၉၉၊ ဦးဇော်ဝင်းဦး ဖုန်း-၀၉-၅၁ ၁၅၈၃၈၊ ဦးငွေစိုး ဖုန်း-၅၃၉၄၀၉၊ ဦးဖရင့် လှမောင် ဖုန်း-၅၅၄၆၂၂တို့တွင် ရရှိနိုင်ပြီး ကျင်းပမည့်နေ့ ညနေ ၄ နာရီမှစ၍ နန်းသီတာ ရွှေဘဲစားတော်ဆက်တို့တွင် ရရှိနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

မန်ယူအသင်း စတုတ်စီးတီးကိုအနိုင်ရပြီးပရီမီယာလိဂ်ရာသီဝက်ကိုဦးဆောင်

မန်ချက်စတာ ဇန်နဝါရီ ၅

ပရီမီယာလိဂ် ရာသီဝက်၏ နောက်ဆုံးပွဲစဉ်များထဲမှ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ မန်ယူအသင်းသည် အိမ်ကွင်း၌ စတုတ်စီးတီးကို အနိုင်ရပြီး ပရီမီယာလိဂ်ရာသီဝက်ကို ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

မန်ယူ ၂-၁ စတုတ်စီးတီး

အိမ်ရှင်မန်ယူအသင်းတွင် တိုက် စစ်မှူး ဝိန်းရွန်နေးမှာ အရန်စာရင်း တွင်ပင် ပါဝင်လာခြင်းမရှိဘဲ ဘာဘာ တော့ဗ်နှင့် ဟာနန်ဒက်ဇ်တို့ကို တိုက် စစ်တွင် တွဲသုံးခဲ့သည်။ ကွင်းလယ်တွင် ဂက်ဆင်၊ ဖလက်ချာ၊ နာနီ၊ ဂစ်တို့ပါဝင် ခဲ့ပြီး နောက်တန်းတွင် ရာဖေးလ်ဒါ ဆေးလ်ဗား၊ ဗီဒစ်၊ စမောလင်းနှင့် အီဗရာတို့ကို အထိုင်ချကာ ဂိုးပေါက်ကို ကုဇက်က တာဝန်ယူခဲ့သည်။ ဧည့်သည် စတုတ်စီးတီးတွင် ဂျုန်းစ်၊ ဒီလက်၊ တွန်ကေးဆန်လီ၊ ဝှိုက်ဟက်၊ ဟုသ်တို့ဖြင့် လူစုံခဲ့သည်။ ယခုပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် နာနီ၏ ဖြတ်တင်ဘောကို ဟာနန်ဒက်ဇ်က ပိတ်သွင်း၍ ရယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၅၀ တွင် တွန်ကေးဆန်လီ၏ ပေးပို့မှုကို ဝှိုက်ဟက်က ခေါင်းတိုက်ပြီး စတုတ်စီးတီး အတွက် ချေပဂိုးရယူသွားသည်။ သို့သော် ၆၂ မိနစ်တွင်မူ နာနီက အဝေးမှအပြင်း ကန်သွင်းပြီး မန်ယူအတွက် အနိုင်ဂိုး ရယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲ အနိုင်ရခြင်းကြောင့် ပွဲစဉ် (၂၂) အပြီးတွင် နှစ်ပွဲ လျော့ ရမှတ် ၄၄ မှတ်ဖြင့် ပရီမီယာလိဂ် ရာသီဝက်ကို ဦးဆောင်နိုင် ခဲ့ပြီဖြစ်သည်။

မန်စီးတီးသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည့် ဝုဖ်ဘတ်တိုက်စစ်မှူး အီဒင်ဒီဇီကို။

အခြားပွဲစဉ်များတွင် ဖူလ်ဟမ်က ဝက်စ်ဘရွန်းကို သုံးဂိုး-ဂိုးမရှိ၊ ဘာမင်ဂမ် က ဘလက်ပူးလ်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

အင်တာနက်။

အီဒင်ဒီဇီကိုအား ခေါ်ယူရန် မန်စီးတီး သဘောတူ

လန်ဒန် ဇန်နဝါရီ ၅

ပရီမီယာလိဂ်တွင် ရလဒ်ကောင်းမွန် ပြီး မန်ယူ၊ အာဆင်နယ်တို့နှင့် အပြိုင် ချန်ပီယံဆုဖလားရယူရန် အကောင်း ဆုံး အနေအထားသို့ ရောက်ရှိနေသည့် မန်စီးတီးအသင်းသည် ဘော့စနီးယား နိုင်ငံသား ဝုဖ်ဘတ်တိုက်စစ်မှူး အီဒင် ဒီဇီကိုအားခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

သဘောတူ

မန်စီးတီးအသင်းသည် ၎င်းအား ပေါင် ၂၇ သန်းဖြင့် ခေါ်ယူရန် သဘော တူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီး သည် အီဒင်ဒီဇီကိုအား ခေါ်ယူနိုင်ရန် ၁၈ လကြာမျှ ကြိုးပမ်းခဲ့ရပြီး ၎င်း ရောက်ရှိလာခြင်းကြောင့် တိုက်စစ်မှူး များဖြစ်သည့် အဒီဘာယောနှင့် ဆန်တာခရုဇ်တို့မှာ အသင်းပြောင်းရန် ပိုမိုနီးစပ်သွားပြီဖြစ်သည်။

အီဒင်ဒီဇီကိုနှင့် မန်စီးတီးအသင်းတို့ ငါးနှစ် စာချုပ်ချုပ်ဆိုဖွယ်ရာရှိနေပြီး ဇန်နဝါရီ ၁၅ ရက်တွင် ကစားရမည့် ဝုလ်ဗာဟမ်တန်နှင့် ပွဲတွင် ပါဝင်ကစား စေမည်ဟုအဆိုသည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ဘာမင်ဂမ်ကစားသမား ဒန်း ဒုတိယဂိုး သွင်းယူစဉ်။

အပြောင်းအရွှေ့ကာလတွင် နောက်တန်းလူအဖြစ် ယာယာတိုရေးကို ခေါ်ယူလိုသည်ဟု ဝင်းဂါးဝန်ခံ

လန်ဒန် ဇန်နဝါရီ ၅

အာဆင်နယ်အသင်း၏ မန်နေဂျာအာစင်ဝင်းဂါးက ဒဏ် ရာပြဿနာများရှိလျှင် ယခုအပြောင်းအရွှေ့ကာလတွင် နောက် တန်းအလယ်လူ တစ်ဦးကိုသာ ခေါ်ယူစာချုပ်မည်ဟု ဆိုသည်။

အခြားနေရာများအတွက် ကစားသမားသစ် ခေါ်ယူမည် ဟူသော သတင်းများကို ၎င်းကငြင်းဆိုလိုက်ပြီး အသင်း၏ ခံစစ် မှူး သောမက်စ် ဗာမေလန် ဒဏ်ရာမှ အချိန်မီ ပြန်သက်သာ ခြင်းမရှိပါက သူ့နေရာတွင် အစားထိုးရန် ခံစစ်မှူးတစ်ဦးကို ခေါ်ယူမည်ဟု သိရသည်။

အာဆင်နယ်အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ် သော ဗာမေလန်သည် နိုင်ငံအသင်း ဘယ်လ်ဂျီယံအတွက် ကစားခဲ့သော နိုင်ငံတကာပွဲတွင် ရရှိခဲ့သော ခြေဖနောင့်ဒဏ်ရာ ကြောင့် ဩဂုတ်လကုန်ကတည်းက အနားယူနေခဲ့ရသူဖြစ် သည်။ ဇန်နဝါရီလကုန်တွင်မူ ၎င်း၏ဒဏ်ရာ ပြန်လည်ကောင်းမွန် လာမည်ဟု ခန့်မှန်းထားသည်။

အာစင်ဝင်းဂါးသည်မန်စီးတီးအသင်းမှ ယာယာတိုရေး **(ယာပုံ)** အား ခေါ်ယူရန်စိတ်ဝင်စားနေသည်ဟု ဝန်ခံပြောကြား ခဲ့သည်။

အင်တာနက်။

စိုးတင့်နိုင်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အရှေ့ပိုင်းဒေသများ ကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသ ကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ကသာမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာ မည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာ ကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကာလီဖိုးနီးယားပြည်နယ်၌ ဆဲလ်ဖုန်းများဖြင့် လေထုညစ်ညမ်းမှုကို လေ့လာမည်

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့ ကောင်းကင်ယံ၌ မီးခိုးမှိုင်းများ အုံ့ဆိုင်းလျက်ရှိသည့် မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း | **ဘာသာပြန်-သတင်းလုလင်**

ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၅

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၌ ဆဲလ်ဖုန်းများအသုံးပြုကာ လေထုညစ်ညမ်းမှု အခြေအနေကို လေ့လာမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကာလီဖိုးနီးယားပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများသည် ၎င်းတို့၏ လုပ်ငန်းခွင်များ၌လည်းကောင်း၊ နေအိမ်များ၌ လည်းကောင်း လေထုညစ်ညမ်းမှုဆိုင်ရာ ပုံရိပ်များအား ဆဲလ်ဖုန်းဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူကာ သိပ္ပံနှင့် နည်းပညာ သုတေသနအဖွဲ့အစည်းတစ်ရပ်ဖြစ်သော Nexleaf Analytics သို့ ပေးပို့နိုင်သည်။

အွန်လိုင်းဒေတာဘေ့စ်စနစ်သို့ အီးမေးလ်သို့မဟုတ် text message မှတစ်ဆင့် ရောက်ရှိလာသော ဓာတ်ပုံများကို အဆိုပါသုတေသနအဖွဲ့က ဆန်းစစ်လေ့လာကာ ဆဲလ်ဖုန်းသုံးစွဲသူများထံသို့ လေထုညစ်ညမ်းမှု အခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ပြန်လည်ပေးပို့မည်ဖြစ်သည်။

နေရာဒေသတစ်ခု၏ လေထုညစ်ညမ်းမှု အခြေအနေကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် တိတိကျကျ သိရှိလာနိုင်မည်ဖြစ်ကြောင်း Nexleaf Analytics အဖွဲ့က ပြောကြားသည်။

သုတေသီများ၏ ရည်မှန်းချက်မှာ လေထုလွှာအတွင်း မီးခိုးမှိုင်း(ခေါ်)ကာဗွန်နက်ပါဝင်မှုကို လေ့လာသိရှိနိုင်ရန်ဖြစ်သည်။ မီးခိုးမှိုင်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သော ကာဗွန်စုဝေးမှုဖြစ်သည်။

မီးခိုးမှိုင်းသည် ပြည်သူများ၏ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ဆိုင်ရာ ရောဂါဘယများကို ဖြစ်ပေါ်စေနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

ထူးခြားသည့် ညအပူချိန်များ

၅ - ၁ - ၂၀၁၁

ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်
ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ကသာ	၄ ဒီဂရီစင်တီဂရိတ်

ဆောင်းပါး အညွှန်း

မကြာသောကာလတွင် ထိန်းကျောင်းရေးကိုရိယာဖြစ်သော အစိုးရအုပ်ချုပ်မှု အောက်သို့ ရောက်ရှိကြတော့မည်ဖြစ်။ ယင်းသို့ ရောက်ရှိမှုသည် မြန်မာနှင့် ကမ္ဘာ့ပြည်သူတို့ နှစ်ရာစုပေါင်းများစွာ မျှော်လင့်တောင့်တခဲ့သော လက်ဝဲ/ လက်ယာ အစွန်းနှစ်ပါးမှ ကင်းလွတ်သည့် စစ်မှန်သော ဒီမိုကရေစီ၊ စစ်မှန်သော ဒီမိုကရေစီအစိုးရ၊ စစ်မှန်သော ဒီမိုကရေစီအုပ်ချုပ်ရေး အရိပ်အာဝါသအောက်သို့ အမှန်တကယ် ရောက်ရှိကြခြင်းပင်ဖြစ်။

မောင်စေတနာ(B.A, B.Ed)**၏ "ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာ့နိုင်ငံရေး" (ဆောင်းပါး) စာမျက်နှာ (၈ - ၉)**